ဘိက္ခဝေ၊ တို့။ ပထဝီဓာတု၊ သည်။ ဧကန္တသုခါ၊ စင်စစ် ချမ်းသာသည်။ သုခါနုပတိတာ၊ ချမ်းသာသည် ကပ်ရောက်အပ်သည်။ သုခါဝက္ကန္တာ၊ ချမ်းသာသည် သက်ဝင်အပ်သည်။ ဒုက္ခေန၊ ဆင်းရဲသည်။ အနဝက္ကန္တာ၊ မသက်ဝင်အပ်သည်။ စေ အဘဝိဿ၊ အကယ်၍ ဖြစ်ငြားအံ့။ သတ္တာ၊ တို့သည်။ ပထဝီဓာတုယာ၊ ၌။ န နိဗ္ဗိန္ဒေယျုံ၊ မငြီးငွေ့ကုန်ရာ။ ဘိက္ခဝေ၊ တို့။ ယသ္မာ စ ခေါ၊ အကြင်ကြောင့်။ ပထဝီဓာတု၊ သည်။ ဒုက္ခာ၊ ဆင်းရဲ၏။ ဒုက္ခာနုပတိတာ၊ ဆင်းရဲသည် ကပ်ရောက်အပ်၏။ ဒုက္ခာဝက္ကန္တာ၊ ဆင်းရဲသည် သက်ဝင်အပ်၏။ သုခေန၊ ချမ်းသာသည်။ အနဝက္ကန္တာ၊ မသက်ဝင်အပ်။ တသ္မာ၊ ကြောင့်။ သတ္တာ၊ တို့သည်။ ပထဝီဓာတုယာ၊ ၌။ နိဗ္ဗိန္ဒန္တိ၊ ငြီးငွေ့ကုန်၏။ (အာပေါဓာတုစသော ဝါကျတို့ကို ပထဝီဓာတု ဝါကျမှီးပေး။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-အဘိနန္ဒသုတ်

၁၁၉။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သူသည်။ ပထဝီဓာတုံ၊ ပထဝီဓာတ်ကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ အဘိနန္ဒတိ၊ ၏။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဆင်းရဲမှ။ အပရိမုတ္တောတိ၊ လွတ်မြောက်သူမဟုတ်ဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။ (ယော အာပေါဓာတုံ စသည်မထူး၊ ပေးလေ။)

ဘိက္ခဝေ၊ တို့။ ယော စ ခေါ၊ အကြင်သူသည်ကား။ ပထဝီဓာတုံ၊ ကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဆင်းရဲကို။ နာဘိနန္ဒတိ၊ နှစ်သက်သည်မမည်။ ယော၊ သည်။ ဒုက္ခံ၊ ကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဆင်းရဲမှ။ ပရိမုတ္တောတိ၊ လွတ်မြောက်သူဟူ၍။ ဝဒါမိ၊ ငါဘုရားဟောတော်မူ၏။ပ။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

---

၁။ ဒုက္ခာနုပတိတာတိ ဒုက္ခေန အနုပတိတာ ။ ၂။ အနုပတိတာတိ ဒုက္ခေနေဝ အနုဂတာ ဥပေတာ(ဋီ)။

## ၇-ဥပ္ပါဒသုတ်

၁၂၀။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့။ ပထဝီဓာတုယာ၊ ၏။ ယော၊ ဥပ္ပါဒေါ၊ အကြောင်ဖြစ်ခြင်းသည်။ ယာ ဌိတိ၊ အကြောင်တည်ခြင်းသည်။ ယာ အဘိနိဗ္ဗတ္တိ၊ အကြောင်လွန်စွာဖြစ်ခြင်းသည်[၁]။ ယော ပါတုဘာဝေါ၊ အကြောင်ထင်ရှားစွာဖြစ်ခြင်းသည်။ (အတ္ထိ၊ ၏။) သော၊ ထိုပထဝီဓာတ်၏ဖြစ်ခြင်း တည်ခြင်း ထင်ရှားဖြစ်ခြင်းသည်။ ဒုက္ခဿ၊ ဆင်းရဲ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းတည်း။ ရောဂါနံ၊ ရောဂါတို့၏။ ဌိတိ၊ တည်ခြင်းတည်း။ ဇရာမရဏဿ၊ အိုခြင်း သေခြင်း၏၊ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ခြင်းတည်း။ (ယော အာပေါဓာတုယာ ဧသည်မတူ၊ ပေးလေ။)

ဘိက္ခဝေ၊ တို့။ ပထဝီဓာတုယာ၊ ၏။ ယော စ ခေါ နိရောဓော၊ အကြောင်ချုပ်ခြင်းသည်။ ယော ဝူပသမော၊ အကြောင်ငြိမ်းအေးခြင်းသည်။ ယော အတ္ထင်္ဂမော၊ အကြောင်ပျက်စီးခြင်းသို့ ရောက်ခြင်းသည်။ (အတ္ထိ၊ ၏။) သော၊ ထိုပထဝီဓာတ်ချုပ်ခြင်းငြိမ်းခြင်းပျက်စီးခြင်းသို့ ရောက်ခြင်းသည်။ ဒုက္ခဿ၊ ဆင်းရဲ၏။ နိရောဓော၊ ချုပ်ခြင်းတည်း။ ရောဂါနံ၊ တို့၏။ ဝူပသမော၊ ငြိမ်းအေးခြင်းတည်း။ ဇရာမရဏဿ၊ အိုခြင်း သေခြင်း၏၊ အတ္ထင်္ဂမော၊ ပျက်စီးခြင်းသို့ ရောက်ခြင်းတည်း။ (ယော အာပေါဓာတုယာ ဧသည်မတူ၊ ပေးလေ။) ဣတိ၊ ဤသို့ မိန့်တော်မူ၏။

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ဂ-သမဏဗြာဟ္မဏသုတ်

၁၂၁။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့။ ဓာတုယော၊ ဓာတ်တို့သည်။ ဣမာ စတဿော၊ ဤလေးပါးတို့တည်း။ ကတမာ စတဿော၊ အဘယ်လေးပါးတို့နည်း။ ပထဝီဓာတု၊ ပထဝီဓာတ်ရင်း။ပ။ ဝါယောဓာတု၊ ဝါယောဓာတ်ရင်းတည်း။ ဘိက္ခဝေ၊ တို့။ ကေစိ၊ အချို့ ကုန်သော။ ယေ သမဏာ ဝါ၊ အကြောင်ရဟန်းတို့သည်သော်၎င်း။ ယေ ဗြာဟ္မဏာ ဝါ၊ အကြောင်ပုဏ္ဏားတို့သည်သော်၎င်း။ စတုန္နံ၊ လေးပါးကုန်သော။ ဣမာသံ ဓာတူနံ၊ ဤဓာတ်တို့၏။ အဿာဒဉ္စ၊ သာယာကြောင်းသဘောကို၎င်း။ အာဒီနဝဉ္စ၊ အပြစ်ကို၎င်း။ နိဿရဏဉ္စ၊ ထွက်မြောက်ရာ နိဗ္ဗာန်ကို၎င်း။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ နပ္ပဇာနန္တိ၊ မသိနိုင်ကုန်။ ဘိက္ခဝေ၊ တို့။ မေ၊ ငါဘုရားသည်။ တေ သမဏာ ဝါ၊ ထို (အဿာဒ စသည်ကို မသိသော) ရဟန်းတို့ကိုသော်၎င်း။ တေ ဗြာဟ္မဏာ ဝါ၊ ထို (အဿာဒ စသည်ကို မသိသော) ပုဏ္ဏားတို့ကိုသော်၎င်း။ သမဏေသု ဝါ၊ ကိလေသာတို့ကိုငြိမ်းအေးစေပြီးသော အရိယာသမဏတို့၌လည်း။ န သမဏသမ္မတာ၊ ကိလေသာတို့ကိုငြိမ်းအေးစေပြီးသော သမဏတို့ဟူ၍ အသိအမှတ်မပြုအပ်ကုန်။ ဗြာဟ္မဏေသု ဝါ၊ မကောင်းမှုကိုအပပြုပြီးသော ဗြာဟ္မဏတို့၌လည်း။ န ဗြာဟ္မဏသမ္မတာ၊ မကောင်းမှုကို အပပြုပြီးသော ဗြာဟ္မဏတို့ဟူ၍ အသိအမှတ်မပြုအပ်ကုန်[၂]။ အာယသ္မန္တော၊ အသက်ရှိကုန်သော။ တေ၊ ထိုအဿာဒစသည်ကို မသိကုန်သော

---

၁။ အဘိဓမ္မာ ဋီကာ အဘိနိဗ္ဗတ္တိ မ-ဋီ-၁၊ စာမျက် ၉၃-အထိ ပါတုဘာဝေါနှင့် ပရိယာယ်တူတည်း။ ပါတုဘာဝေါနှင့် အနက်ချင်းမတူစေရန် လွန်စွာဖြစ်ခြင်းဟုပေးသည်။

၂။ ဓာတ်လေးပါးတို့၏ အဿာဒ စသည်ကိုမသိကြလျှင် ရဟန်းမင်ဖြစ်စေ ပုဏ္ဏားမင်ဖြစ်စေ ကိလေသာတို့ကိုငြိမ်းစေပြီးသောအရိယာသမဏ, မကောင်းမှုကို အပပြုပြီးသော အရိယာဗြာဟ္မဏ ၂မျိုးတွင် ထည့်သည့် အချိုးအစားသို့မှ မသက်ဝင်ဟုဆို။

ရဟန်းပုဂ္ဂိုလ်တို့သည်။ သာမညတ္ထံ ဝါ၊ သမဏအဖြစ်ဟူသော အရိယာမဂ်အကျိုးဖြစ်သော ဖိုလ်ကို သော်၎င်း။ (သစ္စိကတွာ၁ ဝိဟရိဿာမ) ဝါ၊ သို့သော်၎င်း။ (ဥပသမ္ပဇ္ဇ ဝိဟရိဿာမ) ဗြဟ္မညတ္ထံ ဝါ၊ ဗြဟ္မဏအဖြစ် ဟူသော အရိယာမဂ်အကျိုးဖြစ်သော ဖိုလ်ကိုသော်၎င်း။ ဝါ၊ သို့သော်၎င်း။ ဒိဋ္ဌေဝဓမ္မေ၊ မျက် မှောက်သောကိုယ်၏အဖြစ်၌ပင်လျှင်။ သယံ၊ ကိုယ်တိုင်။ အဘိညာ၊ ထူးသောဉာဏ်ဖြင့်။ သစ္ဆိ- ကတွာ၊ မျက်မှောက်ပြု၍။ ဥပသမ္ပဇ္ဇ၊ ကပ်ရောက်၍။ န စ ပန ဝိဟရန္တိ၊ နေလည်းမနေနိုင်ကုန်။ (ယေ စ ခေါ ကေစိ ဘိက္ခဝေ စသော နောက်ပါဠိ၌ န မပါသည်သာ ထူး၏။)

အဋ္ဌမံ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဒုတိယသမဏဗြာဟ္မဏသုတ်

၁၂၂။ (သာဝတ္ထိယံ ဝိဟရတိ) သမုဒယဉ္စ၊ ဖြစ်ကြောင်းကိုလည်း။ အတ္ထင်္ဂမဉ္စ၊ ပျက်စီးခြင်းသို့ ရောက်ခြင်းကိုလည်း။ အဿာဒဉ္စ၊ သာယာကြောင်းကိုလည်း။ အာဒီနဝဉ္စ၊ အပြစ်ကိုလည်း။ နိဿရဏဉ္စ၊ ထွက်မြောက်ရာကိုလည်း။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ မသိနိုင်ကြကုန်။ (ထူးရာကိုသာ ပေးသည်။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-တတိယသမဏဗြာဟ္မဏသုတ်

၁၂၃။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့။ ကေစိ၊ အချို့ကုန်သော။ ယေ သမဏာ ဝါ၊ အကြင်ရဟန်းတို့သည်သော်၎င်း။ ယေ ဗြာဟ္မဏာ ဝါ၊ အကြင်ပုဏ္ဏားတို့သည်သော်၎င်း။ ပဋိစ္စသမုပ္ပါဒံ ကို၊ နပ္ပဇာနန္တိ၊ မသိနိုင်ကုန်။ ပဋိစ္စသမုပ္ပါဒသမုဒယံ၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းကို။ နပ္ပဇာနန္တိ၊ ကုန်။ ပဋိစ္စသမုပ္ပါဒနိရောဓံ၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ရာကို။ နပ္ပဇာနန္တိ၊ ကုန်။ ပဋိစ္စသမုပ္ပါဒနိရောဓဂါမိနိံ၊ ပဋိစ္စ သမုပ္ပါဒ် ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော။ ပဋိပဒံ၊ အကျင့်ကို။ နပ္ပဇာနန္တိ၊ ကုန်။ (ကြွင်းမထူး။)

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ဒသဗလဝဂ္ဂေါ၊ လေးခုမြောက်သော ဝဂ်ပေါ့ သည်။ ပြီး၏။

တဿ၊ ထိုဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

ဒွေသော၊ ဒသဗလသုတ်၂ပုဒ်။ ဥပနိသ၊ ဥပနိသသုတ်၊ အညတိတ္ထိယ၊ အညတိတ္ထိယ သုတ်၊ ဘူမိဇော၊ ဘူမိဇသုတ်၊ ဥပဝါဏော၊ ဥပဝါဏသုတ်၊ ပစ္စယော၊ ပစ္စယသုတ်နှင့်တကွ။

---

၁။ သာမညတ္ထံ ဝါ ဗြဟ္မညတ္ထံ ဝါတိ ဧတ္ထ အရိယမဂ္ဂေါ သာမညဉ္စေဝ ဗြဟ္မညဉ္စ ဉာဏတ္တာပိ ဟု အဓိပ္ပာယ် နှင့် အရိယဖလံ ဝေဒိတဗ္ဗံဟူသော သံ-ဋ္ဌ-၂ ဒေသိမ် ၁၃-နှင့်အညီ ပေးသည်။ သံ-ဋ္ဌ-၃ ဒေမျက်နှာ ၁၆၁၃၅ သာမညတ္ထဉ္စ ဗြဟ္မဉ္ စ ပါဠိ သာမညေန ဥပဝဇ္ဇဘာဝ သာမညဘွာတိ ရှုထိုက်သည်ဖြင့် အရေအတွက် တမျိုးပေး၏။

အဘိနန္ဒဉ္စ၊ အဘိနန္ဒသုတ်၎င်း။ ဥပ္ပါဒေါ၊ ဥပ္ပါဒသုတ်၎င်း။ တယော၊ သုံးသုတ်ကုန်သော။ သမဏဗြာဟ္မဏာ၊ သမဏဗြာဟ္မဏသုတ် ဒုတိယသမဏဗြာဟ္မဏသုတ် တတိယသမဏဗြာဟ္မဏသုတ်တို့၎င်း။ ဝုတ္တိ၊ ဤသည်တည်း။

ဓာတုသံယုတ္တံ၊ ဓာတုသံယုတ်သည်။

သမတ္တံ၊ ပြီးပြီ။

# ၄-အနမတဂ္ဂသံယုတ်

## ၁-ပဌမဝဂ်

### ၁-တိဏကဋ္ဌသုတ်

၁၂၄။ မေ၊ တပည့်တော်အာနန္ဒာသည်။ (ဣဒံ သုတ္တံ၊ ဤတိဏကဋ္ဌသုတ်ကို။) ဧဝံ၊ ဤသို့။ သုတံ၊ နာခံမှတ်သား ဆောင်ထားအပ်ပါပြီ။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်အနီး၌။ အနာထပိဏ္ဍိကဿ၊ ၏။ ဆံ-သရာမေ၊ အရံဖြစ်သော။ဇေတဝနေ၊၌။ ဝိဟရတိ၊နေတော်မူ၏။ တတြ ခေါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ ဘုရား၏(စကားတော်ကို)။ ပစ္စဿောသုံ၊ ရှေးရှုနားယူကုန်ပြီ။ ဘဂဝါ၊ သည်—

ဘိက္ခဝေ၊ တို့။ အယံ သံသာရော၊ ဤသံသရာသည်။ အနမတဂ္ဂေါ၊ ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိနိုင်သော အပိုင်းအခြားရှိ၏။ (ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း သိနိုင်သော အပိုင်းအခြားမရှိဟူ၍သော်လည်းပေး။)အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာတည်းဟူသော အပိတ်အပင်ရှိကုန်သည်ဖြစ်၍။ တဏှာသံယောဇနာနံ၊ တဏှာတည်းဟူသော သံယောဇဉ်ရှိကုန်သည်ဖြစ်၍။ သန္ဓာဝတံ၊ ပြေးသွားကုန်သော။ သံသရတံ၊ ကျင်လည်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗာ၊ ရှေးဖြစ်သော။ ကောဋိ၊ အပိုင်းအခြားကို။ န ပညာယတိ၊ မသိအပ် မသိနိုင်။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ဖြစ်သင့် ဖြစ်ရာ ဥပမာကိုဆိုအံ့။ ပုရိသော၊ ယောကျ်ားသည်။ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ဤဇမ္ဗူဒိပ် (ကျွန်း)၌။ ယံ တိဏကဋ္ဌသာခါပလာသံ၊ အကြင်မြက်ထင်း သစ်ခက် သစ်ရွက်သည်။(အတ္ထိ၊ ၏။) တံ၊ ထိုကို။ ဆေတွာ၊ ဖြတ်တောက်၍။ ဧကဇ္ဈံ၊ တပေါင်းတည်း။ သံဟရိတွာ၊ စုရုံး၍။ စတုရင်္ဂုလံ စတုရင်္ဂုလံ၊ လက်လေးသစ်မျှ လက်လေးသစ်မျှ။ ဃဋိကံ၊ ကျည်းသားလောက်။ ကတွာ၊ ပြု၍။ အယံ၊ ဤသည်ကား။ မေ၊ ငါ၏။ မာတာ၊ အမိတည်း။ အယံ၊ ဤသည်ကား။ မေ၊ ငါ၏။ တဿာ မာတု၊ ထိုအမိ၏။ မာတာတိ၊ အမိတည်းဟူ၍။ နိက္ခိပေယျ၊ ချထားရာ၏။ ဘိက္ခဝေ၊ တို့။ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ၌။ တိဏကဋ္ဌသာခါပလာသံ၊ သည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ထက်ဝန်းကျင်မှ ယူပစ်ခြင်းသို့။အထ ဂစ္ဆေယျ၊ ရောက်သော်လည်းရောက်ရာ၏။ တဿ ပုရိသဿ၊ ထိုယောကျ်ား၏။ မာတု မာတရော၊ အမိ၏ အမိတို့သည်(အမိအဆက်ဆက်တို့ဟူလို)။အပရိယာ-ဒိန္နာဝ၊ ထက်ဝန်းကျင်မှ မယူအပ်ကုန်သည်သာ (မကုန်မခမ်းနိုင်ကုန်သည်သာဟူလို)။ အဿု၊ ဖြစ်ကုန်၏။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်မည်သော။ ဟေတု၊ အကြောင်းကြောင့်နည်း။ ပ။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသို့။ ဝေါ၊ သင်တို့သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။ ပစ္စနုဘူတံ၊ ခံစားအပ်ခဲ့လေပြီ။ တိဗ္ဗံ၊ အားကြီးသော ဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ ဗျသနံ၊ ညတိဗျသန စသော ပျက်စီးမှုအမျိုးမျိုးကို။ ပစ္စနုဘူတံ၊ ပြီ။ ကဋသီ၊ သင်းချိုင်းမြေပုံကို။ ဝဍ္ဎိတာ၊ တိုးပွားစေအပ်လေပြီ။ ဘိက္ခဝေ၊ တို့။ ယာဝဉ္စ၊ အလွန်သာလျှင်။ (ဣဒံ နိပါတမတ္တံ) သဗ္ဗသင်္ခါရေသု၊ အလုံးစုံသော သင်္ခါရတို့၌။ နိဗ္ဗိန္ဒိတုံ၊ ငြီးငွေ့ခြင်းငှါ။ အလမေဝ၊

အင့်သည်သာတည်း။ ဝိရဠ္ဌိတုံ၊ ထပ်ခြင်းကင်းခြင်းငှါ။ ဖလံ၊ သင့်၏။ ဝိမုတ္တိယံ၊ သခါရတို့မှ လွတ်မြောက်ခြင်းငှါ။ အလန္တိ၊ သင့်၏ဟူသော။ တော၊ ဤစကားတော်ကို။ အဝေါစ၊ မိန့်တော်မူပြီ။ ဣတိ၊ ဤသို့။ သုတံ၊ နာယူမှတ်သား ဆောင်ထားအပ်ပါပြီ။(ဣတိ တလုံး အကြေကြံ။ ဓဝံ မေ သုတံ မှ သုတံ၌ ပြန်စပ်။)

ပဌမံ၊ ပဌမသုတ်တည်း။

## ၂-ပထဝီသုတ်

၁၂၅။ (သာဝတ္ထိယံ ဝိဟရတိ၊ အနမတဂ္ဂေါယံမှ သံသရတံအထိ ၁၂၄-စာပိုဒ်အတိုင်းပေး။) ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ အုံ့။ ပုရိသော၊ သည်။ ဣမံ မဟာပထဝိံ၊(စကြာဝဠာအဆုံးအပိုင်းအခြားရှိသော)ဤမြေကြီးကို။ ကောလဋ္ဌိမတ္တံ ကောလဋ္ဌိမတ္တံ၊ဇီးစေ့ခန့်ဇီးစေ့ခန့်ရှိသော။ မတ္တိကာဂုဠိကံ၊ မြေညက်လုံးကို။ ကရိတွာ၊ ပြု၍။ အယံ၊ ဤသည်ကား။ မေ၊ ငါ၏။ ပိတာ၊ အဘတည်း။ အယံ၊ ဤသည်ကား။ မေ၊ ငါ၏။ တဿပိတု၊ ထိုအဘ၏။ ပိတာတိ၊ အဘတည်းဟူ၍။ နိက္ခိပေယျ၊ ချထားရာ၏။ ဘိက္ခဝေ၊ တို့။ အယံ မဟာပထဝီ၊ (စကြာဝဠာအဆုံးအပိုင်းအခြားရှိသော)ဤမြေကြီးသည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ ထက်ဝန်းကျင်မှ ယူပစ်ခြင်းသို့။ အဓ ဂစ္ဆေယျ၊ ရောက်သော် ရောက်ရာ၏။ တဿ ပုရိသဿ၊ ထိုယောကျ်ား၏။ ပိတုပိတရော၊ အဘ၏အဘတို့သည်(အဘအဆက်ဆက်တို့သည်ဟူလို)။ အပရိယာဒိန္နာဝ၊ ထက်ဝန်းကျင်မှ မယူအပ် မယူနိုင်ကုန်သည်သာ။ အဿု၊ ဖြစ်ကုန်၏။(ကြွင်းမထူး။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်သည်း။

## ၃-အဿုသုတ်

၁၂၆။ (သာဝတ္ထိယံ ဝိဟရတိမှ သံသရတံအထိ ၁၂၄-စာပိုဒ်အတိုင်းပေး။) ဘိက္ခဝေ၊ တို့။ တံ၊ ထိုမိန့်ဆိုအပ်လတ္တံ့သော စကားကို။ ကိံ မညထ၊ အသို့ မှတ်ထင်ကုန်သနည်း။ ဒီဃေန၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလ၌။ သန္ဓာဝတံ၊ ပြေးသွားရကုန်သော။ သံသရတံ၊ ကျင်လည်ရကုန်သော။ အမနာပသမ္ပယောဂါ၊ စိတ်နှလုံးကို မပွါးစေတတ်သောသူတို့နှင့် ယှဉ်တွဲရခြင်းကြောင့်။ မနာပဝိပ္ပယောဂါ၊ စိတ်နှလုံးကို ပွါးတိုးစေတတ်သော သူတို့နှင့် မယှဉ်တွဲရခြင်းကြောင့်။ ကန္ဒန္တာနံ၊ မြည်တမ်းကြကုန်သော။ ရောဒန္တာနံ၊ ငိုကြွေးကြကုန်သော။ ဝေါ၊ သင်တို့၏။ ပဿန္နံ၊ စီးသော ။ ပဂ္ဃရိတံ၊ ယိုသော။ ယံ ဝါ အဿု၊ အကြင်မျက်ရည်သည်ရှင်း။ စတူသု၊ လေးစင်းကုန်သော။ မဟာသမုဒ္ဒေသု၊ မဟာသမုဒ္ဒရာတို့၌။ ယံ ဝါ ဥဒကံ၊ အကြင်ရေသည်ရှင်း။ (အတ္ထိ၊ ၏။ တေသု၊ ထိုမျက်ရည် သမုဒ္ဒရာရေတို့တွင်။) ကတမံ၊ အဘယ်သည်။ ဗဟုတရံ နု ခေါ၊ ပို၍ များပြားသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ ဘဂဝတာ၊ သည်။ ယထာ ဓေသိတံ၊ ဟောတော်မူအပ်သည့်အတိုင်း။ မယံ၊ ကို။ မယံ၊ တပည့်တော်တို့သည်။ အာဇာနာမ၊ သိရပါကုန်၏။ ဒီဃေန၊ သော။ ဣမိနာ အဒ္ဓုနာ၌ပေး။ ရောဒန္တာနံ၊ ငိုကြွေးကုန်သော။ နော၊

---

၁-ပဿန္နံဟူ၍ ပဿန္နံ အဘိဓာန် တပွဲ့ညှိ။ ပဿန္န=ပဿဝဟူသော ဝါတ်ကျမ်းနှင့်အညီ ယိုစီးခြင်း အနက်ယော။ ဝိဂ္ဂဟအေနှ စဓာတ်ကဲ့သို့ သဒ္ဒါတ်မဟုတ်သောကြောင့် ကြည်သင်သောဟု မပေးသင့်။ ပဿန္နံ အနီတ ပဏ္ဍိတ္ထ။)

တပည့်တော်တို့၏။ ပဿန္နံ၊ စီးသော။ ပဂ္ဃရိတံ၊ ယိုသော။ ယံ အဿု၊ အကြင် မျက်ရည်သည်။ (အတ္ထိ၊ ၏။) ဘန္တေ၊ ရှင်။ တေဒေဝ၊ ထိုမျက်ရည်သည်သာ။ ဗဟုတရံ၊ ပိုမို များပြား၏။ စတူသု၊ ကုန်သော။ မဟာသမုဒ္ဒေသု၊ တို့၌။ ဥဒကံ၊ သည်။ နတွေဝ ဗဟုတရံ၊ ပိုမို မများပြား။

ဘိက္ခဝေ၊ တို့။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ ဘိက္ခဝေ၊ တို့။ မေ၊ ငါဘုရား၏။ ဝေံ ဒေသိတံ၊ ဤသို့ ဟောတော်မူအပ်သည့်အတိုင်း။ ဓမ္မံ၊ တရားကို။ တုမှေ၊ သင်တို့သည်။ သာဓု ခေါ အာဇာနာထ၊ ကောင်းစွာ သိကြပေစွတကား။ ဒီဃရတ္တံ၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ၌။ပ။ ရောဒန္တာနံ၊ ငိုကြွေးကုန်သော။ ဝေါ၊ သင်တို့၏။ ပဿန္နံ၊ စီးသော။ ပဂ္ဃရိတံ၊ ယိုသော။ ယံ အဿု၊ အကြင် မျက်ရည်သည်။ (အတ္ထိ၊ ၏။) ဘိက္ခဝေ၊ တို့။ တေဒေဝ၊ ထိုမျက်ရည်သည် သာ။ ဗဟုတရံ၊ ပိုမို များပြား၏။ စတူသု၊ ကုန်သော။ မဟာသမုဒ္ဒေသု၊ တို့၌။ ဥဒကံ၊ သည်။ နတွေဝ ဗဟုတရံ၊ ပိုမို မများပြား။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့သည်။ ဒီဃရတ္တံ၊ ရှည်စွာ သော ကာလပတ်လုံး။ မာတုမရဏံ၊ အမိသေခြင်းဆင်းရဲကို။ ပစ္စနုဘူတံ၊ ခံစားအပ်ခဲ့လေပြီ။ မာတုမရဏံ၊ အမိသေခြင်းဆင်းရဲကို။ ပစ္စနုဘောန္တာနံ၊ ခံစားကြကုန်သော။ပ။ ရောဒန္တာနံ၊ ကုန်သော။ တေသံ ဝေါ၊ ထိုသင်တို့၏။ ပဿန္နံ၊ စီးသော။ ပဂ္ဃရိတံ၊ ယိုသော။ အဿု၊ မျက်ရည်သည်။ ဗဟုတရံ၊ ပိုမိုများပြား၏။ စတူသု၊ ကုန်သော။ မဟာ..သမုဒ္ဒေသု၊ တို့၌။ ဥဒကံ၊ သည်။ နတွေဝ ဗဟုတရံ၊ ပိုမိုမများပြား။ ဘိက္ခဝေ၊တို့။ ဝေါ၊ သင်တို့သည်။ ဒီဃရတ္တံ၊ လုံး။ ပိတုမရဏံ၊ အဘသေခြင်း ဆင်းရဲကို။ ပစ္စနုဘူတံ၊ ခံစားအပ်လှလေပြီ။ပ။ ဘာတုမရဏံ၊ အစ်ကိုသေခြင်းဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ ဘဂိနိမရဏံ၊ နှမသေခြင်းဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ (ညီ ညီမ မောင် သေခြင်းဆင်းရဲကို ဥပလက္ခဏနည်းအရယူ။) ပုတ္တမရဏံ၊ သားသေခြင်းဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ ဓီတုမရဏံ၊ သမီးသေခြင်းဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ ဉာတိဗျသနံ၊ ဆွေမျိုးပျက်စီးခြင်း ဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ ဘောဂဗျသနံ၊ စည်းစိမ်ပျက်စီးခြင်းဆင်းရဲကို၊ ပစ္စနုဘူတံ၊ ပြီ။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့သည်။ ဒီဃရတ္တံ၊ ရှည်စွာသောကာလပတ်လုံး။ ရောဂဗျသနံ၊ ပျက်စီးတတ်သောရောဂါ (ကြောင့်ဖြစ်သော) ဆင်းရဲကို။ ပစ္စနုဘူတံ၊ ပြီ။ ရောဂဗျသနံ၊ ကို။ ပစ္စနုဘောန္တာနံ၊ ကုန်သော။ပ။ ရောဒန္တာနံ၊ ကုန်သော။ တေသံ ဝေါ၊ ထို သင်တို့၏။ပဿန္နံ၊ စီးကျခဲ့သော။ ပဂ္ဃရိတံ၊ ယိုကျခဲ့သော။ အဿု၊ သည်။ ဗဟုတရံ၊ ပိုမိုများပြား၏။ စတူသု၊ ကုန်သော။ မဟာသမုဒ္ဒေသု၊ တို့၌။ ဥဒကံ၊ သည်။ နတွေဝ ဗဟုတရံ၊ ပိုမို မများပြား။ပ။ ဝိမုစ္စိတုံ၊ ကိလေသာမှလွတ် မြောက်ခြင်းငှါ။ အလံ၊ သင့်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-ခီရသုတ်

၁၂၇။ ဝေါ၊ သင်တို့သည်။ ဒီဃေန၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလ၌။ သန္ဓာ-ဝတံ၊ ပြေးသွားကုန်စဉ်။ သံသရတံ၊ ကျင်လည်ကုန်စဉ်။ ပီတံ၊ သောက်အပ်သော။ ယံ ဝ၊ မာတု-ထညံ၊ အကြင်အမိနို့ရည်သည်ရှင်း။ စတူသု၊ ကုန်သော။ မဟာသမုဒ္ဒေသု၊ တို့၌။ ယံ ဝါ ဥဒကံ၊ သည်ရှင်း။ (အတ္ထိ၊ ၏။ ။တေသု၊ ထိုနှစ်မျိုးတို့တွင်။) ကတမံ၊ သည်။ ဗဟုတရံ နု ခေါ၊ ပိုမိုများပြား သနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ (ထူးရာကိုသာပေးသည်။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပဗ္ဗတသုတ်

၁၂၈။ (သာဝတ္ထိယံ။ပ။ အာရာမေ) အာ ခေါ၊ ထိုအခါ၌၊ အညတရော၊ တပါးသော၊ ဘိက္ခု၊ သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ (အတ္ထိ၊ ၏။) တေန၊ ထိုဘုရားရှိရာသို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ ရှိခိုး၍။ (သုခ်ီ ဟောထ စသော စကားမြွက်ကြားစေ၍သော်လည်းပေး။) ဧကမန္တံ၊ တခုသော အရပ်၌။ နိသီဒိ၊ ထိုင်ပြီ။ ဧကမန္တံ၌။ နိသိန္နော၊ သော။သော ဘိက္ခု၊ ထိုရဟန်းသည်။ ဘဂဝန္တံ၊ ကို။ ဘန္တေ၊ ဘုရား။ ကပ္ပေါ၊ကပ် (ကမ္ဘာ)သည်။ ကိံဝဒီဃော နု ခေါ၊ မည်မျှရှည်ကြာသနည်း ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။ ဘိက္ခု၊ ရဟန်း။ကပ္ပေါ၊ သည်။ ဒီဃော ခေါ၊ရှည်ကြာသည်သာတည်း။ သော၊ ထိုကပ်သည်။ ဧတ္တကာနိ ဝဿာနိ၊ ဤမျှ နှစ်အပိုင်း အခြားရှိကုန်၏။ ဣတိ ဝါ၊ ဤသို့၎င်း။ ဧတ္တကာနိ ဝဿသတာနိ၊ ဤမျှရာစုနှစ်အပိုင်းအခြားရှိကုန်၏။ ဣတိ ဝါ၊၎င်း။ ဧတ္တကာနိ ဝဿသဟဿာနိ၊ ဤမျှထောင်စုနှစ်အပိုင်းအခြား ရှိကုန်၏။ ဣတိ ဝါ၊၎င်း။ ဧတ္တကာနိ ဝဿသတသဟဿာနိ၊ ဤမျှအသိန်းအပိုင်းအခြားရှိကုန်၏။ ဣတိ ဝါ၊ ၎င်း။ သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ န သုကရော၊ လွယ်ကူသောအရာမဟုတ်[၁]။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘန္တေ၊ ဘုရား။ ဥပမံ၊ ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်ပါသလော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘိက္ခု၊ ရဟန်း။ သက္ကာ၊ စွမ်းနိုင်ပါ၏။ ဣတိ၊သို့။ ဘဂဝါ၊သည်။ အဝေါစ၊ပြီ။ ဘိက္ခု၊ ရဟန်း။ သေယျထာပိ၊ အံ့။ မဟာသေလော၊ ကြီးစွာသော ကျောက်ဖြင့်ပြီးသော။ ပဗ္ဗတော၊ တောင်သည်။ အာယာမေန၊ အလျားအားဖြင့်။ ယောဇနံ၊ တယူဇနာတည်း။ ဝိတ္ထာရေန၊ အနံအားဖြင့်။ ယောဇနံ၊ တည်း။ ဥဗ္ဗေဓေန၊ အစောက်အားဖြင့်။ ယောဇနံ၊ တည်း။ အစ္ဆိန္နော၊ အကွဲအပြတ်မရှိ။ (သိ-သျှ-ဋ္ဌ တို့၌ အစ္ဆိဒ္ဒေါ ဟု ရှိ၏။ အပေါက်မရှိဟုပေး။) အသုသိရော၊ အခေါင်းမရှိ။ ဧကဃနော၊ တခဲနက်တည်း။ တမေနံ၊ ထိုကျောက်တောင်ကို။ ပုရိသော၊ သည်။ ဝဿသတဿ ဝဿသတဿ၊ အနှစ်တရာ အနှစ်တရာကို။ အစ္စယေန၊ လွန်သောအခါ၌။ ကာသိကေန၊ ကာသိတိုင်း၌ ဖြစ်သော။ ဝတ္ထေန၊ အဝတ်ဖြင့်။ သကိံ သကိံ၊ တကြိမ် တကြိမ်။ ပရိမဇ္ဇေယျ၊ ပွတ်တိုက်ရာ၏။ ဘိက္ခု၊ ရဟန်း။ မဟာသေလော၊သော။ သော ပဗ္ဗတော၊ ထိုတောင်သည်။ ဣမိနာ ဥပက္ကမေန၊ ဤလုံ့လပယောဂကြောင့်။ ပရိက္ခယံ၊ ထက်ဝန်းကျင်မှ ကုန်ခန်းခြင်းသို့။ ပရိယာဒါနံ၊ ထက်ဝန်းကျင်မှ ယုပ်ခြင်းသို့။ ခိပ္ပတရံ၊ အလွန်လျင်စွာ။ ဂစ္ဆေယျ၊ ရောက်ရာ၏။ ကပ္ပေါ၊ သည်။ န တွေဝ၊ ကုန်ခန်းခြင်းသို့ မရောက်ရာ။ ဘိက္ခု၊ ရဟန်း။ ကပ္ပေါ၊ သည်။ ဧဝံ ဒီဃော၊ ဤမျှရှည်ကြာ၏။ (ကိံဝဒီဃော-ဟူသော အမေးနှင့်အညီ ဧဝံ ဒီဃောကို သမာသ်အဖြစ်ပေးလိုက်သည်။) ဘိက္ခု၊ ရဟန်း။ ဧဝံ ဒီဃာနံ၊ ဤမျှရှည်ကြာကုန်သော။ ကပ္ပါနံ၊ ကပ်တို့၏။ နေကော ကပ္ပေါ၊ တကပ်မျှလောက်ကိုသာ။ န သံသိတော၊ ကျင်လည်အပ်ဘူးသည်မဟုတ်။ နေကံ ကပ္ပသတံ၊ ကပ်တရာမျှလောက်ကိုသာ။ န သံသိတံ၊ ကျင်လည်အပ်ဘူးသည်မဟုတ်။ နေကံ ကပ္ပသဟဿံ၊ ကပ်အထောင်မျှလောက်ကိုသာ။ န သံသိတံ၊ ကျင်လည်အပ်ဘူးသည်မဟုတ်။ နေကံ ကပ္ပသတသဟဿံ၊ ကပ်အသိန်းမျှလောက်ကိုသာ။ န သံသိတံ၊ ကျင်လည်အပ်ဘူးသည်

---

၁။ သုခေန ကရိယတိတိ သုကရော-ဟူ၍။ ယင်းသို့ ကမ္မသာဓနပြုသော်လည်း သုနှင့်ကရ သမာသ်ပေးပြီးရာ နိပ္ဖန္နကာလ၌ ဗဟုဗ္ဗိဟိသမာသ်ဖြစ်သောကြောင့် သော၊ သည်။ န သုကရော၊ မဟုတ် ဟု တုလျတ်သိဂိတ်သမ္မန်။သုကရောကို ပဋိကာ ၅-ကဏ္ဍ ၄၄-သုတ်၌ သုခေန ကရိယတိတိ ဝိဂ္ဂဟ ပါဠိသမာသ ဟု ဖွင့်၏။

မဟုတ် [၁]။ တံ၊ ထိုသို့ဖြစ်ခြင်းသည်။ ကိသ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ (ကြွင်းပေးမြဲ။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-သာသပသုတ်

၁၂၉။ (သာဝတ္ထိယံမှ အာဂဝါ အဝေါစ အထိပေးမြဲ။) ဘိက္ခု၊ ရဟန်း။ သေယျထာပိ အဲ့၊ အာယသံ၊ သံတံတိုင်းကာရံအပ်သော။ နဂရံ၊ မြို့သည်။ အာယာမေန၊ အလျားအားဖြင့်။ ယောဇနံ၊ တယူဇနာတိုင်တိုင်။ ဝိတ္ထာရေန၊ အနံအားဖြင့်။ ယောဇနံ၊ တိုင်တိုင်။ ဥဗ္ဗေဓေန၊ အစောက်အားဖြင့်။ ယောဇနံ၊ တိုင်တိုင်။ သာသပါနံ၊ မုံညင်းစေ့တို့ဖြင့်။ ပုဏ္ဏံ၊ ပြည့်၏။ ဂုဠိကာဗဒ္ဓံ၊ တလုံးတည်း (တစေ့ထည်း) ကဲ့သို့ ဖွဲ့စပ်ျှပြင်းရှိ၏။ ပုရိသော၊ သည်။ တတော၊ ထိုမြို့မှ။ ဝဿသတဿ ဝဿသတဿ၊ အနှစ်တရာ အနှစ်တရာကို။ အစ္စယေန၊ လွန်သောအခါ၌။ ဧကမေကံ သာသပံ၊ မုံညင်းတစေ့တစေ့ကို။ ဥဒ္ဓရေယျ၊ ထုတ်ဆောင်ရာ၏။ ဘိက္ခု၊ ရဟန်း။ သော မဟာသာသပရာသိ၊ ထိုမုံညင်းစေ့ပုံကြီးသည်။ ဣမိနာ ဥပက္ကမေန၊ ဤ(ယူပစ်ခြင်းဟူသော)လုံ့လပယောဂကြောင့်။ ပရိက္ခယံ၊ သို့။ ပရိယာဒါနံ၊ သို့။ ခိပ္ပတရံ၊ စွာ။ ဂစ္ဆေယျ၊ ရာ၏။ ကပ္ပေါ၊ သည်။နေ တွေဝ၊ ကုန်ခန်းခြင်းသို့ မရောက်ရာ။ (ကြွင်းပေးမြဲ။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-သာဝကသုတ်

၁၃၀။ (သာဝတ္ထိယံ ဝိဟရတိ) အထ ခေါ၊ ထိုအခါ၌။ သမ္ဗဟုလာ၊ များစွာကုန်သော။ ဘိက္ခူ၊ တို့သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ တေနုန္တ၊ ထိုသောအရပ်၌။နိသိန္နာ၊ ထိုင်နေကုန်သော။ တေ ဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဘန္တေ၊ ရား။ အဗ္ဗတီတာ၊ အလွန်ရှေးကျကုန်သော။ အတိက္ကန္တာ၊ ကျော်လွန်ခဲ့ကုန်သော။ ကပ္ပါ၊ တို့သည်။ ကီဝဗဟုကာ၊ အဘယ်မျှ များပြားကုန်သနည်းဟုသော။ ဝတ်၊ ဤစကားကို။ အဝေါစုံ၊ လျှောက်ထားကုန်ပြီ။ ဘိက္ခဝေ၊ တို့။ အဗ္ဗတီတာ၊ ကုန်သော။ အတိက္ကန္တာ၊ ကုန်သော။ ကပ္ပါ၊ တို့သည်။ ဗဟုကာ၊ များပြားကုန်၏။ တေ၊ ထိုကပ်တို့သည်။ 'ကပ္ပါ၊ တို့သည်။ ဧတ္တကာ၊ ဤမျှ အတိုင်းအရှည်ရှိကုန်၏'။ ဣတိ ဝါ၊ ဤသို့၎င်း။ 'ကပ္ပသတာနိ၊ ကပ်အရာတို့သည်။ ဧတ္တကာနိ၊ ဤမျှ အတိုင်းအရှည်ရှိကုန်၏'။ ဣတိ ဝါ၊ ၎င်း။ 'ကပ္ပသဟဿာနိ၊ ကပ်အထောင်တို့သည်။ ဧတ္တကာနိ၊ ကုန်၏'။ ဣတိ ဝါ၊ ၎င်း။

---

၁။ သတ္တဝါ တို့ သံသရာကျင်လည်ရခြင်းသည် တကပ် ၂-ကပ်မျှသာ, သို့မဟုတ် ကပ်တရာ ၂-ရာမျှသာ, သို့မဟုတ် ကပ်တထောင် ၂-ထောင် ကပ်တသိန်း ၂-သိန်းမျှသာ ကျင်လည်ရသည်မဟုတ် မည်ရွေ့ မည်မျှဟု သချာတတ်၍ မရနိုင်သော ကပ်ကမ္ဘာပေါင်းများစွာ ကျင်လည်ရသည်ဟူလို။ ဝိရုဒ္ဓသံသိတန္တိ။ပ။ သံသိတံ သံသရိတံ အနုစိဏ္ဏံ ဒေဿကာ-၄-၅-၁၃၆-ဂါထာနှင့် သံသိတန္တိ သံသရိတံ ဝိဒ္ဓ၀ ဝေယိ ၂၈၇-အာရုဏ္ဍ၀ ဝေယိ ၂၈၇၊ သံသိတန္တိ ဓမ္မ သရဓာတုယာ ရကာရော လောပေါတိ အာဟ သံသရိတန္တိ- ပါဠိတော့ဝိယောဇနာ ဓေသရှကွန့က ၂၈၄-နှင့်အညီပေးသည်။ သတော ဟတော ကတော စသည်တို့၌ ဓာတွန်ရကြေရာ၌ ဝှအာကုပ်လာတို့ မလိုသကဲ့သို့ ဤ၌လည်း ဓာတွန်ရကြေပါလျက် ဝှအာကုပ်လာခြင်းသည် ပုဒ်ထန်းတရေးဖြစ်ခြင်း သတိပြုရာ၏။

'ကပ္ပသတသဟဿာနိ၊ ကပ်အသိန်းတို့သည်။ ဧတ္တကာနိ၊ ကုန်၏'။ ဣတိ ဝါ၊ ၎င်း။ သခ်ါတုံ၊ ရေတွက်ခြင်းငှါ။ န သုကရာ၊ လွယ်ကူသဖြင့် ပြုအပ်သော အရာမဟုတ်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အဒ္ဓေ၊ ရာ။ ဥပမံ၊ ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်ပါသလော။ ဣတိ၊ ဤသို့ လျှောက်၏။ ဘိက္ခုဝေ၊ တို့။ သက္ကာ၊ စွမ်းနိုင်၏။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ အဝေါစ၊ ပြီ။ ဘိက္ခုဝေ၊ တို့။ ဣဓ၊ ဤသာသနာတော်၌။ စတ္တာရော၊ လေးပါးကုန်သော။ သာဝကာ၊ သာဝက တို့သည်။ ဝဿသတာယုကာ၊ သက်တမ်း အနှစ်တရာရှိကုန်၏။ ဝဿသတဇီဝိနော၊ (သက်တမ်းနှင့် အမျှ) အနှစ်တရာ အသက်ရှည်ကုန်၏။ တေ၊ ထိုသာဝကတို့သည်။ ဒိဝသေ ဒိဝသေ၊ နေ့စဉ် နေ့တိုင်း။ ကပ္ပသတသဟဿံ ကပ္ပသတသဟဿံ၊ ကပ်တသိန်း ကပ်တသိန်းစီကို။ အနုဿရေယျုံ၊ အစဉ်လျှောက်၍ အောက်မေ့ကုန်ရာ၏။ ဘိက္ခုဝေ၊ တို့။ တေဟိ၊ ထိုသာဝကတို့သည်။ ကပ္ပါ၊ ကပ်တို့ကို။ အနနုဿရိတာဝ၊ အစဉ်လျှောက်၍ အောက်မေ့အပ်ပြီးချည့် မဟုတ်ကုန်သည်သာ။ အဿု၊ ဖြစ်ကုန်ရာ၏[၁]။ အထ ခေါ၊ စင်စစ်သော်ကား။ ဝဿသတာယုကာ၊ ကုန်သော။ ဝဿသတဇီဝိနော၊ ကုန်သော။ စတ္တာရော၊ ကုန်သော။ တေ သာဝကာ၊ တို့သည်။ ဝဿသတဿ၊ အနှစ်တရာကို။ အစ္စယေန၊ လွန်သောအခါ၌။ ကာလံ၊ အတ္တဘောကိုပယ်ချခြင်းကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ ဘိက္ခုဝေ၊ တို့။ အဗ္ဗုတိတာ၊ ကုန်သော။ အတိက္ကန္တာ၊ ကုန်သော။ ကပ္ပါ၊ တို့သည်။ ဧဝံ ဗဟုကာ၊ ဤမျှ များပြားကုန်၏[၂]။ (ကြွင်းပေးမြဲ။)

သတ္တမံ ရှုနစ်ရမြောက်သောသုတ်တည်း။

## ဂ-ဂင်္ဂါသုတ်

၁၃၁။ (ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ) အထ ခေါ၊ ထိုအခါ၌။ အညတရော၊ တယောက်သော။ ဗြာဟ္မဏော၊ သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ ထိုဘုရားရှိရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်ပြီ။ ဥပသင်္ကမိတွာ၊ ၍။ ဘဂဝတာ၊ နှင့်။ သဒ္ဓိံ၊ ကူ။ သမ္မောဒိ၊ ကျွန်းခံ့၏လော ဟူသည် ပြောဟောသမှုကို ရောနှောပြီလေပြီ။ သမ္မောဒနီယံ၊ ဝမ်းမြောက်ဖွယ်သော။ သာရဏီယံ၊ အောက်မေ့ဖွယ်သော။ ကထံ၊ စကားကို။ ဝီတိသာရေတွာ၊ ပြီးဆုံးစေ၍။ ဧကမန္တံ၊ တခုသောအရပ်၌။ နိသီဒိ၊ ထိုင်နေပြီ။ ဧကမန္တံ၊ ၌။ နိသိန္နော၊ ထိုင်နေသော။ သော ဗြာဟ္မဏော၊ သည်။ ဘဂဝန္တံ၊ ကို။ ကီဝဗဟုကာ နု ခေါ ... ဣတိ ဝါ၊ ဣတိ ဝါ ... ယာသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ ပြီ။ (ကိဝသည် ရှေး၌ပါပြီဖြစ်၍ အာကာရ ငုံပေး လိုက်သည်။)

ဘော ဂေါတမ၊ မ။ ဥပမံ၊ ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်ပါ၏လော။ ဣတိ၊ ဤသို့ လျှောက်၏။ ဗြာဟ္မဏ၊ ထား။ သေယျထာပိ၊ အုံ။ ဂင်္ဂါ၊ ဂင်္ဂါ မည်သော။ နဒီ၊ အယံ နဒီ၊ ဤမြစ်သည်။ ယတော၊ အကြင်အရပ်မှ။ ပဘဝတိ၊ အမှန်အစဖြစ်၏။ (ဤစကားဖြင့် ဂင်္ဂါမြစ်အစကို ပြ၏။) ယတ္ထ၊

[၁] သစ္စါလေးပါးတို့ကို... ပဋိဒိယိ ကာလ သာဝကလေးပါး တနေ့ တနေ့လျှင် ကပ်တသိန်းစီ အနှစ်တရာတိတိ အောက်မေ့သော်လည်း ကပ်အားလုံး ရှည်လျားလှသောကြောင့် မကုန်နိုင် ဟုလို။

[၂] ကိံဗဟုကာဟူသော အမေးသည် သမာသ်ဖြစ်သဖြင့်၎င်း ဧဝံဗဟုကာဟူသောအဖြေသည် သမာသ်ဖြစ် သဖြင့်၎င်း ဧဝံဗဟုကာကိုလည်း သမာသ်အဖြစ် ပေးသည် ဤပါဠိမှန်ထား ဝါကျအရေပြင်၌ရှိ၏။

အကြြင်အရပ်၌။မဟာသမုဒ္ဒံ၊သို့။အပ္ပေတိ၊ဝင်ရောက်၏။(ဤစကားဖြင့်ဂင်္ဂါမြစ်အဆုံးကိုပြ၏။အသယံ နဒီကို ပဘာဝတီ အပ္ပေတိ ၂-ပုဒ်၌ဂပ်။) ဘောသို့ အန္တရေ၊ ဤဂင်္ဂါ မြစ်အတွင်း၌။ ယာ ဝါလိကာ၊ အကြြင်သဲသည်။ (အတ္ထိ၊ ၏။) သာ ဝါလိကာ၊ ထိုသဲသည်။ ဧတ္တကာ၊ ဤမျှ အတိုင်းအရှည် ရှိ၏။ ဣတိ ဝါ၊သို့ရင်း။ပ။ ဝါလိကသတသဟဿာနိ၊ သဲအသိန်းတို့သည်။ ဧတ္တကာနိ၊ ဤမျှအတိုင်း အရှည်ရှိကုန်၏။ ဣတိ ဝါ၊သို့ရင်း။ သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ န သုကရာ၊ လွယ်ကူသဖြင့် ပြုအပ် သောအရာမဟုတ်။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဗြာဟ္မဏ၊ ဗြာဟ္မဏ။ အဗ္ဗတိတာ၊ အလွန်ရှေးကျကုန် သော။ အတိက္ကန္တာ၊ ကျော်လွန်ခဲ့ကုန်သော။ ကပ္ပါ၊ တို့သည်။ ဧဝံ ဧတော၊ ထို(ဂင်္ဂါမြစ်တွင်းရှိ) သဲထက်။ ဗဟုတရာ၊ ပိုမိုများပြားကုန်၏။ ဧတေ၊ ထိုကပ်တို့သည်။ 'ကပ္ပါ၊ တို့သည်။ ဧတ္တကာ၊ ကုန်၏'။ ဣတိ ဝါ၊ သို့ရင်း။ပ။ 'ကပ္ပသတသဟဿာနိ၊ ကပ်အသိန်းတို့သည်။ ဧတ္တကာနိ၊ ကုန်၏'။ ဣတိ ဝါ၊ သို့ရင်း။ ဣတိ၊ သို့။ သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ န သုကရာ၊ လွယ်ကူသဖြင့်ပြုအပ်သော အရာမဟုတ်ကုန်။ (တံ ကိဿဟေတု စသည်ကို စာပိုဒ် ၁၂၄-တိဏကဋ္ဌသုတ်အတိုင်းပေး။)

ဧဝံ၊ သို့။ ဝုတ္တေ၊ မိန့်တော်မူအပ်သော်။ သော ဗြာဟ္မဏော၊ သည်။ ဘဂဝန္တံ၊ ကို။ ဧတဒေါ-ဝေါစ၊ ။ အဘိက္ကန္တံ၊ အလွန်နှစ်သက်အပ်ပေစွ။ ဘောဂေါတမ၊ အဘိက္ကန္တံ၊ ပ။ ဘဝံ ဂေါ-တမော၊ အရှင်ဂေါတမသည်။ မံ၊ ဥပဉ္စတော်ကို။ အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ သရဏံ ဂတံ၊ ကိုးကွယ်ရာဟူ၍ဆည်းကပ်သော။ ဥပါသကံ၊ ဥပါသကာဟူ၍။ ဓာရေတုတိ၊ မှတ်တော်မူပါလော့။ (အသိအမှတ်ပြုတော်မူပါ) ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားပြီ။

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဗဟုသုတ်

၁၃၂။ (သာဝတ္ထိယံ ဝိဟရတိ။ အနမတဂ္ဂေါယံစသည်ကို စာပိုဒ် ၁၂၄-တိဏကဋ္ဌသုတ် အတိုင်းပေး။) သေယျထာပိ၊ ဥပမာသော်ကား။ ဘိက္ခဝေ၊ တို့။ ဥပရိဝေဟာသံ၊ အထက်ကောင်းကင်သို့။ ခိတ္တော၊ ပစ်လွှတ်အပ်သော။ ဒဏ္ဍော၊ တုတ်သည်။ သကိမ္ပိ၊ တကြိမ် (တခါတရံ)လည်း။ မူလေန၊ အရင်းဖြင့်။ နိပတတိ၊ ကျ၏။ သကိမ္ပိ၊ လည်း။ မဇ္ဈေန၊ အလယ်ဖြင့်။ နိပတတိ၊ ၏။ သကိမ္ပိ၊ လည်း။ အဂ္ဂေန၊ အဖျားဖြင့်။ နိပတတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ အဝိဇ္ဇာနီဝရဏာ၊ အဝိဇ္ဇာ ဟူသော အပိတ်အပင်ရှိကုန်သော။ တဏှာသံယောဇနာ၊ တဏှာ ဟူသောသံယောဇဉ်ရှိကုန်သော။ သန္ဓာဝန္တာ၊ အဖန်ဖန်ပြေးသွားရကုန်သော။ သံသရန္တာ၊ ကျင်လည်ရကုန်သော။ သတ္တာ၊ တို့သည်။ သကိမ္ပိ၊ တကြိမ် (တခါတရံ)လည်း။ အသ္မာ လောကာ၊ ဤလောကမှ။ ပရံ လောကံ၊ တပါးသော လောကသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ သကိမ္ပိ၊ လည်း။ ပရသ္မာ လောကာ၊ တပါးသော လောကမှ။ ဣမံ လောကံ၊ ဤလောကသို့။ အာဂစ္ဆန္တိ၊ လာကုန်၏။ (တံ ကိဿ-ဟေတု၊ စသည် စာပိုဒ် ၁၂၄-တိဏကဋ္ဌသုတ်အတိုင်းပေး။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ပုဂ္ဂလသုတ်

၁၃၃။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ သည်။ ရာဇဂဟေ၊ ၌။ ဂိဇ္ဈကူဋေ ပဗ္ဗတေ၊ ဂိဇ္ဈကုဋ်တောင်၌။ ဝိဟရတိ၊ ၏။ တတြ ခေါ၊ ထိုသို့နေတော်မူသောအခါ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊

ထို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေ ဘိက္ခူ၊ ထိုသည်။ ဘဂဝတော၊ ဘုရားအံ (စကားတော်ကို)။ ပစ္စဿောသုံ၊ ပြန်ကြား၍ နာကုန်ပြီ။ ဘဂဝါ၊ သည်။—

ဘိက္ခဝေ၊ တို့။ အယံ သံသာရော၊ ဤသံသရာသည်။ အနမတဂ္ဂေါ၊ ဉာဏ်ဖြင့်အစဉ်လျှောက်၍လည်း မသိအပ်သော အဆုံးအပိုင်းအခြားရှိ၏။ သံဟာရကော၊ စုပေါင်းဆောင်ထားအပ်သည် (သံဟူ့ ဟာရတော ဖျူပစ္စည်း ကံဟော သတ္တဟာရကသ္မိ ဏျကဲ့သို့တည်း။မောဂ္ဂလ္လာန် ၅-ကဏ္ဍ ၃၃-ရှု)။ သစေ အသာ၊ အကယ်၍ဖြစ်အံ့။ သမ္ဘတဥ္စ၊ စုပေါင်းဆောင်ထားအပ်သော အပိုးစုသည်လည်း။ သစေ န ဝိနဿေယျ၊ အကယ်၍ မပျက်စီးငြားအံ့။ အယံ ဝေပုလ္လော ပဗ္ဗတော ယထာ၊ ဤဝေပုလ္လတောင်ကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဝေါ၊ ဤအတူ။ ကပ္ပံ၊ ကပ်ကမ္ဘာပတ်လုံး။ သန္ဓာဝတော၊ အဖန်ဖန်ပြေးသွားသော။ သံသရတော၊ ကျင်လည်သော။ ဧကပုဂ္ဂလဿ၊ ပုဂ္ဂိုလ်တယောက်၏။ အဋ္ဌိကင်္ကလော၊ အရိုးအပေါင်းသည်။ အဋ္ဌိပုဉ္ဇော၊ အရိုးပုံသည်။ အဋ္ဌိရာသိ၊ အရိုးအစုသည်။ မဟာ၊ ကြီးကျယ်များပြားသည်။ အဿ၊ ဖြစ်ရာ၏။ (ထံကိဘာဟေတု စသည် စာပိုဒ် ၁၂၄-ထိအကဋ္ဌသုတ်အတိုင်းပေး။)

ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသောစကားကို။ ဘဂဝါ၊ သည်။ အဝေါစ၊ မိန့်တော်မူပြီ။ ဣဒံ၊ ကို။ ဝတွာန၊ မိန့်တော်မူပြီး၍။ သုဂတော၊ ကောင်းသောစကားကို မိန့်တော်မူတတ်သော။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အထာပရံ၊ ထိုမှတပါးသော။ ဧတံ ဝေယျာကရဏံ၊ ဤစကားကို။ အဝေါစ၊ ပြီ—

ဧကဿ၊ တယောက်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဧကေန ကပ္ပေန၊ တကပ်ထည်း၌။ အဋ္ဌိသဉ္စယော၊ အရိုးတို့၏ အစုအပေါင်းသည်။ ပဗ္ဗတသမော၊ တောင်နှင့်တူသော။ ရာသိ၊ အစုအပုံသည်။ သိယာ၊ ၏။ ဣတိ၊ သို့။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

မဂဓာနံ၊ မဂဓတိုင်းတို့၌။ ဂိရိဗ္ဗဇေ၊ ရာဇဂြိုဟ်မြို့၌။ ဝိပုလကူဋဿ၊ ဂိဇ္ဈကုဋ်တောင်၏။ ဥတ္တရေန၊ မြောက်အရပ်၌။ ဒိဋ္ဌော၊ တည်သော။ ဝေပုလ္လော၊ ဝေပုလ္လမည်သော။ သော အယံ ပဗ္ဗတော၊ ထိုတောင်ကို။ မဟာ၊ ကြီးကျယ်၏ဟူ၍။ အက္ခာတော၊ ဆိုအပ်၏။ (ဥတ္တရေန ဂိဇ္ဈကူဋဿ၊ မဂဓာနံ ဂိရိဗ္ဗဇေ ဟူသော ပါဠ်အရ ပေးအပ်သော အနက်တည်း။ ဤပါဠိ၌ကား ဥတ္တရော ဂိဇ္ဈကူဋဿ၊ မဂဓာနံ ဂိရိဗ္ဗဇေ ဟု ရှိ၏။)

ယတော၊ အကြင်ပုဂ္ဂိုလ်သည်။ (ပစ္စတ္တဝစနကို တော အာဒေသပြု၊ ပစ္စတ္တအနက်၌ တော ပစ္စည်းသော်လည်းသက်၊ သ သတ္တကုစ္ဆုံပရမ်၌ သ ဟု ပဋ္ဌမန္တဖြင့် ရှိသော နိယတ်ကိုထောက်။) ဒုက္ခံ၊ ဒုက္ခသစ္စာကိုရင်း။ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုရင်း။ ဒုက္ခဿ၊ ၏။ အတိက္ကမံ၊ လွန်မြောက်ရာ နိရောဓသစ္စာကိုရင်း။ ဒုက္ခူပသမဂါမိနံ၊ ဒုက္ခ၏ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော။ အရိယံ၊ မြတ်သော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂံ၊ မဂ္ဂသစ္စာကိုရင်း။ ဣတိ၊ သို့။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ သမ္မပ္ပညာယ၊ ဝိပဿနာပညာ မဂ်ပညာဖြင့်။ ပဿတိ၊ သိမြင်၏။

သ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ သတ္တက္ခတ္တုပရမံ၊ အလွန်ဆုံး(၇)ကြိမ်သာ။ သန္ဓာဝိတွာန၊ ပြေးသွား၍၊ သဗ္ဗသံယောဇနက္ခယာ၊ အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခန်းခြင်းကြောင့်။ ဒုက္ခဿန္တကရော၊ ဒုက္ခ၏ အဆုံးကို ပြုသည်။ ဟောတိ၊ ၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ပဌမော၊ ရှေးဦးစွာသော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

တဿ၊ ထိုပဌမဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား—

တိဏကဋ္ဌံ၊ တိဏကဋ္ဌသုတ်ရင်း။ ပထဝီ၊ ပထဝီသုတ်ရင်း။ အဿု၊ အဿုသုတ်ရင်း။ ခီရဉ္စ၊ ခီရသုတ်ရင်း။ ပဗ္ဗတံ၊ ပဗ္ဗတသုတ်ရင်း။ သာသပါ၊ သာသပသုတ်ရင်း။ သာဝကာ၊ သာဝကသုတ်ရင်း။ ဂင်္ဂါ၊ ဂင်္ဂါသုတ်ရင်း။ ဒဏ္ဍော စ၊ ဒဏ္ဍသုတ်ရင်း။ ပုဂ္ဂလေန၊ ပုဂ္ဂလသုတ်ရင်းတည်း။ (ပဌမာအနက်၌ တတိယာသက်သည်။) ဝုတ္တိ+ဩးပြီ။

## ၂-ဒုတိယဝဂ်

### ၁-ဒုဂ္ဂတသုတ်

၁၃၄။ (ဧကံ သမယံ။ပ။ ဝိဟရတိ။ ။စာပိုဒ် ၁၂၄-တိဏကဋ္ဌသုတ်ကို၌ တတြ ခေါ။ပ။ သံသရတံကို ပေးလေ။) ဘိက္ခဝေ၊ ရဟန်းတို့။ ဒုဂ္ဂတံ၊ ဆင်းရဲသော။ ဒုရူပေတံ၊ မကောင်းသော လက်ခြေ ပုံသဏ္ဌာန်နှင့်ပြည့်စုံသော။ ယံ၊ အကြင်သူကို။ ပဿေယျာထ၊ တွေ့မြင်ကုန်ရာ၏။ ဧဝံ၊ ဤသို့ တွေ့မြင်ရာ၌။ အမှေဟိပိ၊ ငါတို့သည်လည်း။ ဧဝရူပံ၊ ဤသို့ ဆင်းရဲခြင်း ရုပ်အဆင်း မဲ့ခြင်းသဘောကို။ ဒီဃေန၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလ၌။ ပစ္စနုဘူတံ၊ ခံစားအပ်သည် လေပြီဟူ၍။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်ထိုက်၏။ (တံ ကိဿဟေတု စသည်ကို စာပိုဒ် ၁၂၄-အတိုင်းပေး။)

ပဌမံ၊ ပဌမသုတ်တည်း။

### ၂-သုခိတသုတ်

၁၃၅။ ဘိက္ခဝေ၊ ရဟန်းတို့။ သုခိတံ၊ ကောင်းစွာဖြစ်သော ချမ်းသာခြင်းရှိသော [၁]။ သုသဇ္ဇိတံ၊ ကောင်းသော ဝတ်စားတန်ဆာတို့ဖြင့် စီရင်အပ်သော။ ယံ၊ အကြင်သူကို။ ပဿေယျာထ၊ တွေ့မြင်ကုန်ရာ၏။ ဧဝံ၊ ဤသို့ တွေ့မြင်ရာ၌။ အမှေဟိပိ၊ ငါတို့သည်လည်း။ ဧဝရူပံ၊ ဤသို့ ချမ်းသာခြင်း ဝတ်စားတန်ဆာတို့ဖြင့် စီရင်အပ်သောသဘောကို။ ဒီဃေန၊ ရှည်သော။ ဣမိနာ အဒ္ဓုနာ၊ ဤ၌။ ပစ္စနုဘူတံ၊ ခံစားအပ်ပြီဟူ၍။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂန္တဗ္ဗံ၊ ရောက်ထိုက်၏။ (ထူးရာကိုသာ ပေးသည် ကြွင်း စာပိုဒ် ၁၂၄-၌။)

ဒုတိယံ၊ နှစ်ခုမြောက်သောသုတ်တည်း။

---

၁။ သုခံ သဉ္ဇာတံ အဿာတိဟု အဿာသဉ္ဇာတတ္ထ တိပ္ပြု၊ သုခမုခ် ဟူလိုသည်။ ဝေသိတော ဓာည် ကဲ့သို့တည်း။

## ၃-တိံသမတ္တသုတ်

၁၃၆။ (ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ) အထ ခေါ၊ ထိုသို့ နေတော်မူသောအခါ၌။ တိံ-သမတ္တာ၊ ၃၀-အတိုင်းအရှည်ရှိကုန်သော။ ပါဝေယျကာ၊ ပါဝါမြို့၌နေကုန်သော။ သဗ္ဗေ၊ ကုန်သော။ အာရညိကာ၊ တော၌နေလေ့ရှိကုန်သော (အာရညကင်ဓုတင် ဆောင်ကုန်သော)။ ဘိက္ခူ၊ (သောတာပန် သကဒါဂါမ် အနာဂါမ်) ရဟန်းတို့သည်။ ပိဏ္ဍပါတိကာ၊ ဆွမ်းခံလေ့ရှိကုန်သော။ (ပိဏ္ဍပါတ်ဓုတင်ဆောင်ကုန်သော ဟူလို သော်လည်းပေး။) သဗ္ဗေ၊ ကုန်သော။ ပံသုကူလိကာ၊ ပံသုကူသင်္ကန်းကို ဆောင်လေ့ရှိကုန်သော။ သဗ္ဗေ၊ ကုန်သော။ တေစီဝရိကာ၊ သုံးထည်သော သင်္ကန်းကို ဝတ်ရုံလေ့ရှိကုန်သော။ သဗ္ဗေ၊ ကုန်သော။ သသံယောဇနာ၊ သံယောဇဉ်အနှောင်အဖွဲ့ရှိကုန်သော။ ဘိက္ခူ၊ (သောတာပန် သကဒါဂါမ် အနာဂါမ်) ရဟန်းတို့သည်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ သည်။ (အတ္ထိ၊ ၏။) တေန၊ သို့။ ဥပသင်္ကမိံသု၊ ချဉ်းကပ်ကုန်ပြီ။ ဥပသင်္က-မိတွာ၊ ချဉ်းကပ်ကုန်၍။ ဘဂဝန္တံ၊ ကို။ အဘိဝါဒေတွာ၊ အလွန်ရှိသေစွာရှိခိုး၍။ ဧကမန္တံ၊ တခုသောအရပ်၌။ နိသီဒိံသု၊ ထိုင်နေကုန်ပြီ။ အထ ခေါ၊ ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ တိံသမတ္တာ၊ ကုန်သော။ပ။ သသံယောဇနာ၊ သံယောဇဉ်အနှောင်အဖွဲ့ရှိကုန်သော။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ (သန္တိ၊ ရှိကုန်၏။) ယံနူန၊ အကြင် အခြင်းအရာအားဖြင့်။ (ဒေသိယမာနေ၊ ဟောတော်မူအပ်သော်။) နေသံ၊ ထို(သောတာပန် သကဒါဂါမ် အနာဂါမ်)ရဟန်းတို့၏။ဣမသ္မိံ ယေဝ အာသနေ၊ ဤနေရာ၌ပင်လျှင်။ အာသဝေဟိ၊ အာသဝေါတို့သည်။ အနုပါဒါယ၊ အာရုံပြုသောအားဖြင့်မယူမူ၍။ စိတ္တာနိ၊ အရဟတ္တဖိုလ်စိတ်တို့ကို။ ဝိမုစ္စေယျုံ၊ လွတ်အပ်ကုန်ရာ၏[၁] (လွတ်စေအပ်ကုန်ရာ၏ဟူလိုသော်လည်းပေး။) ဣမေသံ၊ ဤသောတာပန် သကဒါဂါမ် အနာဂါမ် ရဟန်းတို့အား။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေယျံ၊ ဟောရမူကား။ ယံနူနာဟံ၊ ကောင်းလေစွ ဟူသော။ ဧတံ၊ ဤအကြံအစည်သည်။ အဟောသိ၊ ဖြစ်ပြီ။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူပြီ။ ဘဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေ ဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ ဘုရား၏ (စကားတော်ကို)။ ပစ္စဿောသုံ၊ ရှေးရှုနာကြားကုန်ပြီ။ဘဂဝါ၊သည်—

(အနမတဂ္ဂေါယံ။ပ။ သံသရတံကို စာပိုဒ် ၁၂၄-အတိုင်းပေး။) ဘိက္ခဝေ၊တို့။ တံ၊ ထိုဆိုအပ်လတ္တံ့သော အမေးကို။ ကိံ မညထ၊ အဘယ်သို့မှတ်ထင်ကုန်သနည်း။ ဒီဃေန၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလ၌။ သန္ဓာဝတံ၊ ပြေးသွားကုန်သော။ သံသရတံ၊ ကျင်လည်ကုန်သော။ သီသစ္ဆိန္နာနံ၊ ပြတ်သောဦးခေါင်းရှိကုန်သော။ ဝေါ၊ သင်တို့၏။ ပဿန္နံ၊ စီးကျသော။ ပဂ္ဃရိတံ၊ ယိုသော။ ယံ ဝါ လောဟိတံ၊ အကြင်သွေးသည်ရှင်း။ စတူသု၊ ကုန်သော။ မဟာသမုဒ္ဒေသု၊တို့၌။ ယံ ဝါ ဥဒကံ၊

[၁] အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ ဧတ္ထ အာသဝေဟိတိ ကတ္တုအတ္ထေ ကရဏနိဒ္ဒေသော၊ စိတ္တာနီတိ ပစ္စတ္တဗဟုဝစနံ၊ ဝိမုစ္စိံသူတိ ကမ္မသာဓနံ၊ တသ္မာ အာသဝေဟိ ကတ္တုဘူတေဟိ အနုပါဒါယ အာရမ္မဏဝသေန အဂ္ဂဟေတွာ စိတ္တာနိ ဝိမုစ္စိံသူတိ ဧဝမေတ္ထ အတ္ထော ဂဟေတဗ္ဗော-ဟူသော သာရတ္ထ ဋီကာ၌ ၄၇၇-နှင့်အညီ ပေးအပ်သော အနက်သည်။ ဝိမုစ္စိံသုသည် ဝိပုဗ္ဗ မုစဓာတ် ဒိဝါဒိဂဏ ဖြစ်သော်လည်း ကာရိတ်ကြေသောကြောင့် ကမ္မရုပ် ပြီးသည်၊ လွတ်အပ်ကုန်ပြီ ဝါ လွတ်စေအပ်ကုန်ပြီဟု ကမ္မတ္ထ ပြန်ဆိုသည်။ အနုပါဒါယ၊ ၍။ စိတ္တာနိ၊ တို့သည်။ အာသဝေဟိ၊ တို့မှ၊ ဝိမုစ္စိံသု၊ လွတ်ကုန်ပြီဟု ပေးအပ်သော အနက်ကား အထက်ပါ သာရတ္ထနှင့် မညီ။

အကြောင်ရေသည့်ဂုဏ်။(အဘ္ဘိ၊ ဘာ ၃၊ ဘို ၂၄ျိုးဘိုကွင်။) ကဘ ၊ အဘာယ်သည်။ ဗဟုတရံ-
နု ဒေါ်ရုံ၊ များပြားသနည်း မှုဝေ၊ ဤပုံ ဆွေးဆွေးနွေး။ ဘင်တွေ၊ ရား။ မိစေနု၊ သော။ပ။
သိသစ္စိနွှာန်၊ ကုန်သော။ နေ၁၊ ယပည့်တော်တို့။ ပဿနွံ၊ သော။ ပဋ္ဌရိတ်၊ သော။ယ် လော-
ဟိတ်၊ သည်။(အတ္ထိ၏။) ဗေး၁၊ ထိုသွားသည့်သာ။ ဗဟုဘ၊ ပိုမိုများပြားမ်း။ တွေသူ၊
ကုန်သော။ မဟာသမုဒ္ဒသူ၊ တို့၏။ ဥဒကာ်၊သည်။ ၊ ဘွေးတိ၊ ပိုမိုများပြားဟူ၍။ ဘဂဝတာ၊
သည်။ ယထာဓေဿိတ်၊ ဟောတော်မူအပ်သည့်အတိုင်း။ ဓမ္မ၊ တရားကို။ အာဇာနာမ၊ သိရပါ
ကုန်၏။ ဋ္ဌတိ၊ ဤသို့လျှောက်ထား၏။ (ဋ္ဌတိ-တလုံးကြေ။)

ဘိက္ခဝေ၊ တို့။ သာဓု သာဓု၊ ကောင်းပေစွ ကောင်းပေစွ။ ဘိက္ခဝေ၊တို့။ တုမှေ၊ တို့သည်။မေ၊
ငါဘုရား၏။ ဓမ္မ၊ ကို။ ဧဝံ ဒေသိတံ၊ ဤသို့ဟောတော်မူအပ်သည့်အတိုင်း။ သာ ခေါ် အာဇာ-
နာထ၊ ကောင်းစွာသိကြကုန်စွတကား။ ဘိက္ခဝေ၊တို့။ ဣဓလောန၊ သော။ပ။ ယ်လေ ဟိတ်၊ သည်။
(အတ္ထိ၏။) တောဓေဝ၊ ထိုသွေးသည်သာ။ ဗဟုတ ၊ ပိုမိုများပြား၏။ တွေသူ၊ ကုန်သော။ မဟာ-
သမုဒ္ဒသူ၊တို့၏။ဥဒကာ်၊သည်။န တွေဝ၊ ပိုမိုမများပြား။ဘိက္ခဝေ၊ တို့။ဒီဃရတ္တံ၊ ရှည်စွာသောကာလ
ပတ်လုံး။ ဂုန္နံ သတံ၊ နွားဖြစ်ကုန်စဉ်။ ဂေါဘူတာနံ၊ နွားဖြစ်၍ဖြစ်ကုန်သော။ သိသစ္စိနွှာနံ၊ ဖြတ်
သော ဦးခေါင်းရှိကုန်သော။ ဝေါ၊ သင်တို့၏။ ပဿန္နံ၊ သော။ ပဋ္ဌရိတံ၊ သော။ လောဟိတံ၊သည်။
ဗဟုတရံ၊၏။ တွေသူ၊ ကုန်သော။ မဟာသမုဒ္ဒသူ၊ တို့၏။ ဥဒကံ၊ သည်။ န တွေဝ၊ပိုမိုမများပြား။
ဘိက္ခဝေ၊ တို့။ ဒီဃရတ္တံ၊ လုံး။ မဟိံသာနံ သတံ၊ ကျွဲဖြစ်ကုန်စဉ်။ မဟိံသဘူတာနံ၊ ကျွဲဖြစ်၍
ဖြစ်ကုန်သော။ သိသစ္စိနွှာနံ၊ ကုန်သော။ ဝေါ၊ သင်တို့၏။ ပဿန္နံ၊ သော။ ပဋ္ဌရိတံ၊ သော။
လောဟိတံ၊ သည်။ ဗဟုတရံ၊ ၏။ပ။ဘိက္ခဝေ၊တို့။ ဒီဃရတ္တံ၊ လုံး။ ဥရဗ္ဘာနံ သတံ၊ သိုးဖြစ်ကုန်စဉ်။
ဥရဗ္ဘဘူတာနံ၊ သိုးဖြစ်၍ဖြစ်ကုန်သော။ပ။ အဇာနံ သတံ၊ ဆိတ်ဖြစ်ကုန်စဉ်။ အဇဘူတာနံ၊ ဆိတ်
ဖြစ်၍ဖြစ်ကုန်သော။ပ။ မိဂါနံ သတံ၊ သမင်ဖြစ်ကုန်စဉ်။ မိဂဘူတာနံ၊ သမင်ဖြစ်၍ဖြစ်ကုန်သော
။ပ။ ကုက္ကုဋာနံ သတံ၊ ကြက်ဖြစ်ကုန်စဉ်။ ကုက္ကုဋဘူတာနံ၊ ကြက်ဖြစ်၍ဖြစ်ကုန်သော။ပ။ သူကာ-
ရာနံ သတံ၊ ဝက်ဖြစ်ကုန်စဉ်။ သူကရဘူတာနံ၊ ဝက်ဖြစ်၍ဖြစ်ကုန်သော။ ဘိက္ခဝေ၊တို့။ ဒီဃရတ္တံ၊
လုံး။ ဂါမဃာတာ၊ ရွာကို ဖျက်ဆီးကုန်သော။ စောရာတိ၊ သူခိုးတို့တည်း ဟူ၍။ ဂဟေတွာ၊
ဖမ်းယူ၍။ သိသစ္စိနွှာနံ၊ ဖြတ်အပ်ပြီးသော ဦးခေါင်းရှိကုန်သော။(တွာပစ္စယန္တပုဒ်၏စပ်ရာဆိုက်ရာ
ဖြစ်သောကြောင့် သိသစ္စိနွှာနံ၌ သိနသဒ္ဒါကို ဖြတ်ပြီးသော ဟု မပေးမူ၍ ဖြတ်အပ်ပြီးသော ဟု
သဗ္ဗာပါရတ္တပေါ် အောင်ပေးလိုက်သည်။) ဝေါ၊ သင်တို့၏။ ပဿန္နံ၊ သော။ ပဋ္ဌရိတံ၊ သော။ လော-
ဟိတံ၊ သည်။ ဗဟုတရံ၊၏။ ဘိက္ခဝေ၊ တို့၊ ဒီဃရတ္တံ၊ လုံး။ ပါရိပန္ထိကာ၊ လမ်းခရီး၌ စောင့်၍
လုယူတတ်ကုန်သော။ စောရာ၊ ခိုးသူတို့တည်းဟူ၍။ ဂဟေတွာ၊၍။ပ။ ပါရဒါရိကာ၊ သူတပါးသား
မယားကို ကျူးလွန်တတ်ကုန်သော။ စောရာ၊ တို့တည်း ဟူ၍။ ဂဟေတွာ၊ ၍။ သိသစ္စိနွှာနံ၊ ကုန်
သော။ ဝေါ၊ တို့၏။ ပဿန္နံ၊ သော။ ပဋ္ဌရိတံ၊ သော။ လောဟိတံ၊ သည်။ ဗဟုတရံ၊ ၏။တွေသူ၊
ကုန်သော။ မဟာသမုဒ္ဒသူ၊ တို့၏။ ဥဒကံ၊ သည်။ န တွေဝ၊ ပိုမိုမများပြား။(ကြွင်းစာပိုဒ် ၁၂၄
အတိုင်းပေး။)

တတိယံ၊ သုံးခုမြောက်သောသုတ်တည်း။

## ၄-မာတုသုတ်

၁၃၇။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့၊ အယံ သံသာရော၊ ဤသံသရာသည်။ အနမတဂ္ဂေါ၊ ညာဏ်ဖြင့်လျှောက်၍ သော်လည်း မသိအပ် (မသိနိုင်) သော အစရှိ၏။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သတ္တဝါသည်။ ဒီဃေန၊ ရှည်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤကာလ၌။ န မာတာဘူတပုဗ္ဗော၊ အမိမဖြစ်စဘူး။ သော သတ္တော၊ ထိုသတ္တဝါသည်။ န သုလဘရူပေါ၊ လွယ်ကူ သဖြင့် ရအပ်သော သဘောရှိသည်မဟုတ်။ (ကြွင်းမထူး။)

စတုတ္ထံ၊ လေးခုမြောက်သောသုတ်တည်း။

## ၅-ပိတုသုတ်

၁၃၈။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သတ္တဝါသည်။ ဒီဃေန၊ သော။ ဣမိနာ အဒ္ဓုနာ၊ ၌။ န ပိတာဘူတပုဗ္ဗော၊ အဘမဖြစ်စဘူး။ သော သတ္တော၊ သည်။ န သုလဘရူပေါ၊ မဟုတ်။ (ထူးရာ ကိုသာပေးသည်။)

ပဉ္စမံ၊ ငါးခုမြောက်သောသုတ်တည်း။

## ၆-ဘာတုသုတ်

၁၃၉။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သတ္တဝါသည်။ န ဘာတာဘူတပုဗ္ဗော၊ အကိုမဖြစ်စဘူး။ သော သတ္တော၊ သည်။ န သုလဘရူပေါ၊ မဟုတ်။ (ထူးရာကိုသာပေးသည်။)

ဆဋ္ဌံ၊ ခြောက်ခုမြောက်သောသုတ်တည်း။

## ၇-ဘဂိနီသုတ်

၁၄၀။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သတ္တဝါသည်။ န ဘဂိနီဘူတပုဗ္ဗော၊ နှမညီမဖြစ်စဘူး။ သော သတ္တော၊ သည်။ န သုလဘရူပေါ၊ မဟုတ်။ (ထူးရာကိုသာပေးသည်။)

သတ္တမံ၊ ခုနစ်ခုမြောက်သောသုတ်တည်း။

## ၈-ပုတ္တသုတ်

၁၄၁။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သတ္တဝါသည်။ န ပုတ္တဘူတပုဗ္ဗော၊ သားမဖြစ်စဘူး။ သော သတ္တော၊ သည်။ န သုလဘရူပေါ၊ မဟုတ်။ (ထူးရာကိုသာပေးသည်။)

အဋ္ဌမံ၊ ရှစ်ခုမြောက်သောသုတ်တည်း။

## ၉-ဓီတုသုတ်

၁၄၂။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့။ အယံ သံသာရော၊ သည်။ အနမတဂ္ဂေါ၊ ညာဏ်ဖြင့် လျှောက်၍မသိအပ် (မသိနိုင်)သော အစရှိ၏။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာ ဟူသောအပိတ်အပင် ရှိကုန်သော။ တဏှာသံယောဇနာနံ၊ တဏှာဟူသော သံယောဇဉ်ရှိကုန်သော။ သန္ဓာဝတံ၊ အဖန်ဖန်ပြေးသွားရကုန်သော။ သံသရတံ၊ ကျင်လည်ရကုန်သော။ သတ္တာနံ၊ တို့၏။ ပုဗ္ဗာ၊

ရှေးဖြစ်သော။ ကောဋိ၊ အပိုင်းအခြားကို။ န ပညာယတိ၊ မသိအပ်။ ဘိက္ခဝေ၊ တို့။ ယော၊ အကြင် သတ္တဝါသည်။ ဒီဃေန၊ သော။ ဣမိနာ အဒ္ဓုနာ၊ ဤ။ န ဓီတာဘူတပုဗ္ဗော၊ သမီးမဖြစ်စဖူး။ သော သတ္တော၊ သည်။ န သုလဘရူပေါ၊ လွယ်ကူသဖြင့်ရအပ်သောသတ္တဝါမရှိ။ (ကြွင်းစာပိုဒ် ၁၂၄ အတိုင်းပေး။)

နဝမံ၊ ကိုးခုမြောက်သောသုတ်တည်း။

## ၁၀-ဝေပုလ္လပဗ္ဗတသုတ်

၁၄၃။ (ဧကံ သမယံ။ပ။ သံသရတံကို စာပိုဒ် ၁၂၄-အတိုင်းပေး။) ဘိက္ခဝေ၊ တို့။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား [၁]။ ဝေပုလ္လဿ၊ မည်သော။ ဣမဿ ပဗ္ဗတဿ၊ ဤတောင်၏။ သမညာ၊ အမည်သည်။ ပါစီနဝံသောတွေ၀၊ ပါစီနဝံသဟူ၍သာလျှင်။ ဥဒပါဒိ၊ ဖြစ်ပြီ။ ဘိက္ခဝေ၊ တို့။ တေန ခေါ ပန သမယေန၊ ၌။ မနုဿာနံ၊ လူတို့၏။ သမညာ၊ အမည်သည်။ တိဝရာတွေ၀၊ တိဝရ-ဟူ၍သာလျှင်။ ဥဒပါဒိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ တိဝရာနံ၊ မည်ကုန်သော။ မနုဿာနံ၊ တို့၏။ အာယုပ္ပ-မာဏံ၊ အသက်အတိုင်းအရှည်သည်။ စတ္တာရီသ ဝဿသဟဿာနိ၊ အနှစ် လေးသောင်းတို့သည်။ အဟောသိ၊ ပြီ။ (အာယုပ္ပမာဏံဟူသော ပကတိကတ္တားငဲ့၍ အဟောသိဟု ဧကဝစနနှင့်ကြိယာ ရှိသည်။) ဘိက္ခဝေ၊ တို့။ တိဝရာ၊ ကုန်သော။ မနုဿာ၊ တို့သည်။ ပါစီနဝံသံ၊ မည်သော။ ပဗ္ဗတံ၊ တောင်ကို။ စတူဟေန၊ လေးရက်ဖြင့်။ အာရောဟန္တိ၊ တက်ကုန်၏။ စတူဟေန၊ ဖြင့်။ ဩရောဟန္တိ၊ သက်ဆင်းကုန်၏။ ဘိက္ခဝေ၊ တို့။ တေန ခေါ ပန သမယေန၊ ၌။ ကကုသန္ဓော၊ မည်သော။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ အလုံးစုံသောတရားကို ကောင်းစွာ ကိုယ်တိုင် သိမြင်တော်မူသော။ ဘဂဝါ၊ သည်။ လောကေ၊ ၌။ ဥပ္ပန္နော၊ ဖြစ်ပေါ်လာသည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကကုသန္ဓဿ၊ သော။ အရဟတော၊ သော။ သမ္မာသမ္ဗုဒ္ဓဿ၊ သော။ ဘဂဝတော၊ ၏။ ဝိဓုရသဉ္ဇီဝံနာမ၊ ဝိဓုရသဉ္ဇီဝမည်သော။ သာဝကယုဂံ၊ သာဝကအစုံသည်။ အဂ္ဂံ၊ မြတ်သော။ ဘဒ္ဒယုဂံ၊ ကောင်းသောအစုံသည်။ အဟောသိ၊ ပြီ။ ဘိက္ခဝေ၊ တို့။ ပဿထ၊ ရှုကုန် လော။ ဣမဿ ပဗ္ဗတဿ၊ ဤတောင်၏။ သာ ဧဝ သမညာ၊ ထိုပါစီနဝံသ အမည်သည်လည်း။ အန္တရဟိတာ၊ ကွယ်ပျောက်ပြီ။ တေ စ မနုဿာ၊ ထိုလူတို့သည်လည်း။ ကာလင်္ကတာ၊ ပြုအပ်ပြီး သောအတ္တဘောကို ပစ်ချခြင်းရှိကုန်၏။ သော စ ဘဂဝါ၊ ထိုဘုရားရှင်သည်လည်း။ ပရိနိဗ္ဗုတော၊ ချုပ်ငြိမ်းအေးပြီ။ ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဧဝံ၊ ဤဆိုအပ်ခဲ့ သည့်အတိုင်း။ အနိစ္စာ၊ မမြဲကုန်။ ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ တို့သည်။ ဧဝံ၊ တိုင်း။ အဒ္ဓုဝါ၊ မခိုင်ခံ့ ကုန်။ ဘိက္ခဝေ၊ တို့။ သင်္ခါရာ၊ တို့သည်။ ဧဝံ၊ တိုင်း။ အနဿာသိကာ၊ သက်သာရာမရကုန်၏ [၂]။ ဘိက္ခဝေ၊ တို့။ ယာဝဉ္စ၊ အလွန်လျှင်။ (ဣဒံ အနက်မဲ့။) သဗ္ဗသင်္ခါရေသု၊ အလုံးစုံသောသင်္ခါရတို့၌။ နိဗ္ဗိန္ဒိတုံ၊ ငြီးငွေ့ခြင်းငှါ။ အလမေဝ၊ သင့်သည်သာတည်း။ ဝိရဇ္ဇိတုံ၊ တပ်ခြင်းကင်းခြင်းငှါ။ အလံ၊ သင့်၏။ ဝိမုစ္စိတုံ၊ ကိလေသာမှ လွတ်ခြင်းငှါ။ အလံ၊ သင့်၏။

ဝင်္ကကာတွေ၀၊ ဝင်္ကကဟူ၍သာလျှင်။ ရောဟိတဿာတွေ၀၊ ရောဟိတဿဟူ၍သာလျှင်။ တိံသ-ဝဿသဟဿာနိ၊ အနှစ်သုံးသောင်းတို့သည်။ ရောဟိတဿာ၊ ရောဟိတဿမည်ကုန်သော။ ဝင်္ကံ

---

၁။ ရှေး၌ဖြစ်ဖူး၏ဟုသော်လည်းပေး။ ဖြစ်ဖူးသည်ကားဟုပေးလျှင် ဤသို့ထည်းဆည်ဖြင့် ပြန်သတ်ရမည်။ ပြန်မသတ်လျှင် ကတ္တားချည်းထန်းလန်းဖြစ်နေတတ်သည်၊ သို့သော် ဤ၌ ရိုးရာအတိုင်း ပေးလိုက်သည်။

၂။ အနဿာသိကာနီတိ အဿာသဝိရဟိတာနိ မဋ္ဌ ၃-၂၂၄-စာပိုဒ်။

ပဗ္ဗတံ၊ ဝင်္ကတောင်သို့။ ထိယေန၊ သုံးရက်ဖြင့်။ ကောဏာဂမနသာ၊ ကောဏာဂမနမည်သော။ ဘိယေျာသုတ္တရိနာမ၊ ဘိယေျာသညတ္တရမည်သော။ (ထူးရာကိုသာ ပေးသည်။ ဆိုအပ်ပြီး ဘုတ-ပုဒ္ဓဝါကျမှီး။)

သုပဗောဓာတွေ၊ သုပဗာဟု၍သာလျှင်။ သုပ္ပိယာတွေ၊ သုပ္ပိယဟု၍သာလျှင်။ ဝိသတိ-ဝဿသဟဿာနိ၊ အနှစ်နှစ်သောင်းတို့သည်။ သုပ္ပိယာ၊ သုပ္ပိယမည်ကုန်သော။ သုပဿံ ပဗ္ဗတံ၊ သုပဿတောင်ကို။ ဒွီယေန၊ ၂-ရက်ဖြင့်။ တိဿဘာရဒွါဇနာမ၊ တိဿဘာရဒွါဇမည်သော။ (ထူးရာကိုသာပေးသည်။ အကြွင်းကို ဆိုအပ်ခဲ့ပြီး ဘုတပုဒ္ဓဝါကျမှီးလေ။)

ဘိက္ခဝေ၊ ထို့။ ဧတရဟိ ခေါ၊ ယခုအခါ၌။ ဝေပုလ္လသာ၊ သော ၊။ ဣမဿ ပဗ္ဗတဿ၊ ၏။ သမညာ၊ သည်။ ဝေပုလ္လော တွေဝ၊ဝေပုလ္လဟု၍သာ။ မာဂဓော တွေဝ၊ မာဂဓဟု၍သာ။ မာဂဓာနံ၊ မာဂဓမည်ကုန်သော။ မနုဿာနံ၊ တို့၏။ အာယုပ္ပမာဏံ၊ သည်။ အပ္ပကံ၊ နည်းစွာ၏။ ပရိတ္တံ၊ ထိုစွာ၏[1]။ လဟုကံ၊ လျင်မြန်လှ၏။ ယော၊ အကြင်သူသည်။ စိရံ၊ ကြာမြင့်စွာ။ ဇီဝတိ၊ အသက်ရှည်၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ အနှစ်တရာသော်၎င်း။အပ္ပံ ဝါ ဘိယေျာ၊အနှစ်တရာထက်အနည်းငယ်ကျော်လွန်၍သော်၎င်း။ ဇီဝတိ၊ ၏။ ဘိက္ခဝေ၊ တို့။ မာဂဓာ၊ မည်ကုန်သော။ မနုဿာ၊ တို့သည်။ ဝေပုလ္လံ ပဗ္ဗတံ၊ ဝေပုလ္လတောင်ကို။ မုဟုတ္တေန၊ တမုဟုတ်ဖြင့်။ အာရောဟန္တိ၊ တက်ကုန်၏။ မုဟုတ္တေန၊ ဖြင့်။ ဩရောဟန္တိ၊ သက်ဆင်းကုန်၏။ ဘိက္ခဝေ၊ တို့။ ဧတရဟိ ခေါ ပန၊ ကား။ အရဟံ၊ သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သော။ အဟံ၊ ငါဘုရားသည်။ လောကေ၊ ၌။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဘိက္ခဝေ၊ တို့။ မယှံ၊ ငါဘုရား၏။ သာရိပုတ္တမောဂ္ဂလ္လာနံနာမ၊ သာရိပုတ္တရာမောဂ္ဂလ္လာန်မည်သော။ သာဝကယုဂံ၊ သာဝကအစုံသည်။ အဂ္ဂံ၊ မြတ်သော။ ဘဒ္ဒယုဂံ၊ ကောင်းသောအစုံ သည်။ ဣမဿ ပဗ္ဗတဿ၊ ဤတောင်၏။ အယမ္ပေ သမညာ၊ ဤဝေပုလ္လဟူသော အမည်သည် လည်း။ယံအန္တရဓာယိဿတိ၊ အကြင်ကွယ်ပျောက်လတ္တံ့။ ဣမေ စ မနုဿာ၊ ဤလူတို့သည်လည်း။ ကာလံ၊ အချိန်ကာလကိုဝစ်ချခြင်းကို။ ယံ ကရိဿန္တိ၊ အကြင်ပြုကုန်လတ္တံ့။ အဟဉ္စ၊ ငါဘုရား သည်လည်း။ ယံ ပရိနိဗ္ဗာယိဿာမိ၊ အကြင်ပရိနိဗ္ဗာန်ပြုလတ္တံ့[2]။ (ဝေံအနိစ္စာ။ပ။ အလံ ဝိမုစ္စိတုန္တိ ကို ရှေးအတိုင်းပေး။)

ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကို။ ဘဂဝါ၊ သည်။ အဝေါစ၊ ပြီ။ ဣဒံ၊ ကို။ ဝတွာန၊ ဟောတော်မူပြီး၍။ အထာပရံ၊ ထိုမှနောက်၌။ သုဂတော၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော။ သတ္ထာ၊ သည်။ ပါဠိနယံသော။ပ။ သုခေါတိ၊ သုခေါဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ ပြီ။

အယံ၊ ဤတောင်သည်၊ တိဝရာနံ၊ တိဝရမည်သောလူတို့၏ (လက်ထက်၌)။ ပါစီန-ဝံသော၊ ပါစီနဝံသမည်၏။ရောဟိတဿာနံ၊ ရောဟိတဿမည်သောလူတို့၏(လက်ထက်၌)။

---

၁။ ပရိအာယုမှ ခါခတ် ထပ်မှည့်ဖြင့်ပြီးရကား ထက်ဝန်းကျင်မှ ပိုင်းခြားနိုင်လောက်အောင် ထိုတောင်းသည် ဟူလို။

၂။ ယာဟုရှိက အညောကိုရှုရာ၏။ ယင်းသို့စွဲတော် သော သမယောဟူသော နိယတ်နှင့်ဆန့်ကျင်ရာ၏၊ ထို့ကြောင့် ယာဟု ထက်ရှိမူအတိုင်း ရှိခြင်းထက် ယံဟု သိမူအတိုင်း ရှိခြင်းသည်သာ ကောင်း၏။ငင်းယံကိုလည်း ကြိယာပဒနှမသာနကြ၍ အန္တရဓာယိဿတိ ကရိဿန္တိ ပရိနိဗ္ဗာယိဿာမိတို့နှင့် တွဲစပ်ပေး။ သို့မဟုတ် သောသမယောကိုထောက်၍ ယံ၊ အကြင်အခါ၌ ဟူ၍သော်လည်းပေး။

ဝဏ္ဏကော၊ [illegible] ကဿပဿ [illegible] (လက်သက်၌)။ သုပ-ဿောတိ၊ သုပဿမည်၏ [illegible] (လက်ထက်၌ကား)။ ဝေပုလ္လဿ၊ ဝေပုလ္လမည်သော။

သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်းသဘော ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ ငြိမ်းအေးခြင်းသည်။ သုခေါ၊ ချမ်းသာ၏။

ဒသမံ၊ ဆယ်ခုမြောက်သောသုတ်တည်း။

ဒုတိယော၊ နှစ်ခုမြောက်သော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီး။

တဿ၊ ထိုဒုတိယဝဂ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကား——

ဒုဂ္ဂတံ၊ ဒုဂ္ဂတသုတ်ရင်း။ သုခိတဉ္စ၊ သုခိတသုတ်ရင်း။ တိံသ၊ တိံသမတ္တသုတ်ရင်း။ မာတာ၊ မာတုသုတ်ရင်း။ ပိတာစ၊ ပိတုသုတ်ရင်း။ ဘာတာ၊ ဘာတုသုတ်ရင်း။ ဘဂိနီ၊ ဘဂိနီသုတ်ရင်း။ ပုတ္တောစ၊ ပုတ္တသုတ်ရင်း။ ဓီတာ၊ ဓီတုသုတ်ရင်း။ ဝေပုလ္လပဗ္ဗတံ၊ ဝေပုလ္လပဗ္ဗတသုတ်ရင်းတည်း။

အနမတဂ္ဂသံယုတ္တံ၊ အနမတဂ္ဂသံယုတ်သည်။

သမတ္တံ၊ ပြီးပြီ။

# ၅-ကဿပသံယုတ်

## ၁-သန္တုဋ္ဌသုတ်

၁၄၄။ (သာဝတ္ထိယံ ဝိဟရတိ) ဘိက္ခဝေ၊ တို့။ အယံ ကဿပေါ၊ ဤအရှင်မဟာကဿပသည်။ ဣတရီတရေန၊ တပါးပါးသော။ ဝါ၊ ရရာသမျှသော။ စီဝရေန၊ သင်္ကန်းဖြင့်။ သန္တုဋ္ဌော၊ ကျေနပ်ရောင့်ရဲ၏။ ဣတရီတရစီဝရသန္တုဋ္ဌိယာ-စ၊ တထည်ထည်သောသင်္ကန်းဖြင့် ကျေနပ်ရောင့်ရဲခြင်း၏လည်း။ ဝဏ္ဏဝါဒီ၊ ဂုဏ်ကျေးဇူးကိုဆိုလေ့ရှိ၏။ စီဝရဟေတု၊ သင်္ကန်းဟူသော အကြောင်းကြောင့်။ အပ္ပဋိရူပံ၊ မလျောက်ပတ်သော။ အနေသနံ၊ မသင့်သောရှာမှီးခြင်းသို့ ၁။ န စ အာပဇ္ဇတိ၊ မရောက်။ စီဝရံ၊ ကို။ အလဒ္ဓါ စ၊ မရ၍လည်း။ ဝါ၊ မရခြင်းကြောင့်လည်း။ (အလဒ္ဓါတိ အလာဘိတွာ ဌ။) န ပရိတဿတိ၊ မကြောင့်ကျ မှိုင်မိုင် ၂။ လဒ္ဓါ စ၊ ရ၍လည်း။ ဝါ၊ ရခြင်းကြောင့်လည်း။ စီဝရံ၊ ကို။ အဂဓိတော၊ မမက်မောသည်ဖြစ်၍။ အမုစ္ဆိတော၊ မတွေဝေသည်ဖြစ်၍။ အနဇ္ဈာပန္နော၊ တဏှာလွှမ်းမိုးမခံရသည်ဖြစ်၍ ၃။ အာဒီနဝဒဿာဝီ၊ အပြစ်ကိုမြင်လေ့ရှိသည်ဖြစ်၍။ နိဿရဏပညော၊ ထွက်မြောက်ကြောင်း(ပစ္စဝေက္ခဏာဉာဏ်)ပညာရှိသည်ဖြစ်၍။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။

(ပိဏ္ဍပါတေန၊ ဆွမ်းဖြင့်။ ဣတရီတရပိဏ္ဍပါတသန္တုဋ္ဌိယာ စ၊ တပါးပါးသော။ ဝါ၊ ရရာသမျှသော ဆွမ်းဖြင့် ကျေနပ်ရောင့်ရဲခြင်း၏လည်း။ ပိဏ္ဍပါတဟေတု၊ ဆွမ်းဟူသော အကြောင်းကြောင့်။ ပိဏ္ဍပါတံ၊ ဆွမ်းကို ဟု ပေးသည်သာထူး၏။ ကြွင်းမထူး။

သေနာသနေန၊ ကျောင်းအိပ်ရာနေရာဖြင့်။ ဣတရီတရသေနာသနသန္တုဋ္ဌိယာ စ၊ တပါးပါးသော ကျောင်းအိပ်ရာနေရာဖြင့် ကျေနပ်ရောင့်ရဲခြင်း၏လည်း။ သေနာသနဟေတု၊ ကျောင်းအိပ်ရာ

---

၁။ အနေသနန္တိ အယုတ္တံ ဧသနံ၊ ဆံ ၃ ၂၀၁ မျက်နှာ ၂၇၀။ အယုတ္တာ ဧသနာ အနေသနာ ယထာဝုတ္တ မိစ္ဆာဇီဝသင်္ခါတာ၊ ဝိသုဒ္ဓိ ဋီ ၁-၁ မျက်နှာ ၆၈-နှင့်အညီ အဓိပ္ပါယ်ထွက်ပေသည်။ အနေသနန္တိ အယောနိသော မိစ္ဆာဇီဝဝသေန ပစ္စယပရိယေသနံ ဟူသော ဤဋီကာအလို မသင့်သောအားဖြင့် ရှာမှီးခြင်းသို့ဟု အဓိပ္ပါယ်ထွက်ပေ။ အရုတ္တအားဖြင့်ကား တရားသဖြင့်ရှာမှီးခြင်းမဟုတ်သည်ဆိုဟုပေ။ ဧသနံ၊ တရားသဖြင့်ရှာမှီးခြင်းသည်။ န၊ မဟုတ်။ အနေသနံ၊ တရားသဖြင့်ရှာမှီးခြင်းမဟုတ်။ တရားသဖြင့်ရှာမှီးခြင်းမဟုတ်ဟူသည် မသင့်သောရှာမှီးခြင်း၊ ဝါ မသင့်သောအားဖြင့် ရှာမှီးခြင်းပင်တည်းဟု အဓိပ္ပါယ်အားဖြင့် ပေါ်ပြလို၍ အထက်ပါ ဆံ့၊ သံ၊ ဝိသုဒ္ဓိဋီတို့၌ အယုတ္တံ အယောနိသောဟု ဖွင့်ဆိုလေသည်။ အနေသနန္တ၌ အနသည် အယုတ္တတ္ထဟုသိစေ၍ဖွင့်ပြခြင်း မဟုတ်။ အနေသနံပုဒ်သည် န ဧသနံ ဟူသော ဝါကျအရက်၌ မသင့်သော ရှာမှီးခြင်း ဟူသော ဝိသေသတ္ထကို ဟောသော်လည်း အနေသနံဟု သမာသ်ပြီးသောအခါ သာမညတ္ထကိုသာ ဟောသည်။ တေလ်သည် ဆီ သာမည၊ သုဂတစီဝရသည် သင်္ကန်း သာမညကို ဟောသကဲ့သို့တည်း။ ယင်းသို့ သာမညတ္ထကို ဟောသောကြောင့် အပ္ပဋိရူပံ ဟူသော ပုဒ်ဖြင့် ဝိသေသန ပြုရပြန်သည်။ သုဂတစီဝရ၌ သုဂတပါပြီးဖြစ်လျက် သုဂတဿဟု ဝိသေသန ပြုသကဲ့သို့တည်း။

၂။ ပရိတဿတိ ဒိဝါဒိဂဏ တသဓာတ်သည် ထုဝဿ၊ မီး အဓေ ဟူသော ဓာတ်ကျမ်းနှင့်အညီ ကြောက်ရွံ့မှိုင်မိုင်ခြင်း ဟောသည်။ တသာတိ ပရိတဿတိ တဏှာဥပ္ပာဒနကဿ ပီဠိတဿ(ထပ်မက်)အနက်ဟောမဟုတ်။

၃။ တဏှာယ အနဇ္ဈောတ္ထဋော အပရိယောနဒ္ဓေါ ဌ။

နေရာဟူသောအကြောင်းကြောင့်။ သေနဒသနံ၊ ကျောင်းအိပ်ရာနေရာကိုဟု ပေးသည်သာ ထူး၏။ ကြွင်းမထူး။

ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရေန၊ အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာ အဆောက်အဦဖြစ်သော ဆေးဖြင့်။ ဣတရီတရဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရသန္တုဋ္ဌိယာ စ၊ တပါးပါးသောအနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအကာ တန်ဆာအဆောက်အဦဖြစ်သော ဆေးဖြင့် ကျေနပ် ရောင့်ရဲခြင်း၏လည်း။ ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ၊ ကိုဟု ပေးသည်သာ ထူး၏။ ကြွင်းမထူး။)

ဘိက္ခဝေ၊ တို့။ တသ္မာ၊ ကြောင့်။ ဣဓ၊ ဤသာသနာတော်၌။ ဣတရီတရေန၊ တပါးပါးသော။ စီဝရေန၊ ဖြင့်။ သန္တုဋ္ဌာ၊ ကျေနပ်ရောင့်ရဲကုန်သည်။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ ဣတရီတရစီဝရသန္တုဋ္ဌိယာ စ၊ တပါးပါးသောသင်္ကန်းဖြင့် ကျေနပ်ရောင့်ရဲခြင်း၏လည်း။ ဝဏ္ဏဝါဒိနော၊ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိကုန်သည်။ (ဘဝိဿာမ၊ ဖြစ်ကုန်အံ့။) စီဝရဟေတု၊ သင်္ကန်းဟူသော အကြောင်းကြောင့်။ အပ္ပတိရူပံ၊ မလျောက်ပတ်သော။ အနေသနံ၊ မသင့်သော ရှာမှီးခြင်းသို့။ အာပဇ္ဇိဿာမ၊ ရောက်ကုန်အံ့။ စီဝရံ၊ ကို။ အလဒ္ဓါ စ၊ မရ၍လည်း။ ဝါ၊ မရခြင်းကြောင့်လည်း။ န စ ပရိတဿိဿာမ၊ မကြောင့်ကျ မစိုးရိမ်ပါကုန်။ လဒ္ဓါ စ၊ ရ၍လည်း။ ဝါ၊ ကြောင့်လည်း။ အဂဓိတာ၊ မမက်မောကုန်သည်ဖြစ်၍။ အမုစ္ဆိတာ၊ မတွေဝေကုန်သည်ဖြစ်၍။ အနဇ္ဈာပန္နာ၊ တဏှာလွှမ်းမိုးမခံရကုန်သည်ဖြစ်၍။ အာဒီနဝဒဿာဝိနော၊ အပြစ်ကိုတွေ့မြင်ကုန်သည်ဖြစ်၍။ နိဿရဏပညာ၊ ထွက်မြောက်ကြောင်း(ပစ္စဝေက္ခဏာဉာဏ်)ပညာရှိကုန်သည်ဖြစ်၍။ ပရိဘုဉ္ဇိဿာမဣတိ၊ သုံးဆောင်ကုန်အံ့ဟူ၍။ (ဣတိ ကြေ)ဧဝံ၊ သို့။ သိက္ခိတဗ္ဗံ၊ ကျင့်ထိုက်၏။ (ဧဝံ၊ ဤအတူ။ သဗ္ဗံ၊ အလုံးစုံကို။ ကာတဗ္ဗံ၊ ပြုထိုက်၏။ ။ပိဏ္ဍပါတသေနာသနဂိလာန။ပ။ ပရိက္ခာရဝါကျတို့ကို ဆိုအပ်ပြီး ဝါကျတို့ကိုမှီး၍ ပေးလေ။) ဘိက္ခဝေ၊ တို့။ ဧဝံ ဟိ၊ ဤသို့လျှင်။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ ကျင့်ထိုက်၏။ ဘိက္ခဝေ၊ တို့။ ဝေါ၊ သင်တို့အား။ ကဿပေန ဝါ၊ ကဿပဥပမာဖြင့်ရင်း။ (ကဿပေန နိဒဿနဘူတေန ဝိ။) ယော၊ အကြင်ထေရ်သည်။ ကဿပ-သဒိသော၊ ကဿပနှင့်တူသည်။ အဿ၊ ဖြစ်ရာ၏။ တေန ဝါ၊ ကဿပအလား ထိုပုဂ္ဂိုလ်စား ဥပမာဖြင့်ရင်း။ ဩဝဒိဿာမိ၊ ဆုံးမအံ့ပြီ [၁]။ ဩဝါဒိတေဟိ၊ ဆုံးမခံရကုန်သော။ ဝေါ စ၊ သင်တို့သည်လည်း။ တထတ္တာယ၊ ထိုဆုံးမအပ်တိုင်းဖြစ်ရန်အလို့ငှါ [၂]။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ထိုက်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

၁။ နိဂုံးဝါကျဖြစ်ပါလျက် ဩဝဒိဿာမိဟု အနာဂတ်ကာလယော ဘဝိဿန္တိ ဝိဘတ်ဖြင့် ရှိခြင်းကိုရှင်း၊ ကဿပူပမ ဩဝါဒသုတ္တန် ကဿပသံယုတ္တပါဠိ (အညတရ) ဩဝါဒ မပါရှိပါပဲလျက် ယော ဝါ ပနဿ ကဿပသဒိသော ဟူသော ဝါကျ ဤစာမှု၌ တွေ့နေရခြင်းကိုရှင်း စဉ်းစားသင့်၏။ ဩပမ္မသံယုတ် ကူဋသုတ်အစ ဒုတိယသိက်လသုတ် အဆုံးရှိသော ၁၂သုတ်တို့၌ ဧဝံ ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံဟူသော အဆုံးသတ်ပါလျက် ၎င်းဝါကျအပြင် ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ၊ ပ။ ပဋိပဇ္ဇိတဗ္ဗံဟူသော ဝါကျကို ဤသုတ်နှင့် ဓမ္မပဒသုတ် ကုလူပကသုတ်တို့၌ တွေ့ရှိနေခြင်းသည် ထူးဆန်း၏။

၂။ ယထာ ယထာ ကထိတံ တထတ္တာယ တထာဘာဝါယ ထုတ္တမှီးမိ ပဋိပဇ္ဇိတဗ္ဗံ ဟူသော ဤအဋ္ဌကထာအရ တထတ္တာယသည် တထာပုဒ် သောအနက်၌ ထင့်တ် ဌာပစ္စည်းဖြင့် ပြီး၏။ ၎င်းတထာသည်လည်း ယထာ၏တွဲဖက်ဖြစ်၏။ ထို့ကြောင့် ငါဘုရား ဟောပြော ဆုံးမအပ်တိုင်း၏ဖြစ်ခြင်းအလို့ငှါဟု အနက္ခအတိအကျ ပေးဆင့်၏ဟုဆိုသော်

## ၂-အနေဇ္ဇကပ္ပိသုတ်

၁၄၅။ (စဝံ မေ သုတံ) ဧကံ၊ သမယံ၊ ၌။ အာယသ္မာ ၈ မဟာကဿပေါ၊ သည်လည်း။ အာယသ္မာ ၈ သာရိပုတ္တော၊ သည်လည်း။ ဗာရာဏသိယံ၊ ၌။ ဣသိပတနေ၊ ရသေ့တို့၏ သက်ဆင်းရာဖြစ်သော။ မိဂဒါယေ၊ (သားတို့အားဘေးမဲ့ပေးရာ) မိဂဒါဝုန်၌။ ဝိဟရန္တိ၊ နေကုန်၏။ အထ ခေါ၊ ၌။ အာယသ္မာ သာရိပုတ္တော၊ သည်။ သာယနှသမယံ၊ ညချမ်းအခါ၌။ ပဋိသလ္လာနာ၊ သတ္တသင်္ခါရမှဖဲ၍ (တပါးတည်း)ကိန်းအောင်းနေတော်မူရာမှ။ ဝုဋ္ဌိတော၊ ထတော်မူပြီးသည်ဖြစ်၍။ (ယေနာယသ္မာ။ပ။ အာယသ္မန္တံ မဟာကဿပံကို စာပိုဒ် ၁၃၁-ဂကံ သုတ်မိုး၍ပေး။) အာဝုသော ကဿပ၊ အနာတာပီ၊ ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော လုံ့လမရှိသူသည်။ အနောတ္တပ္ပီ၊ ခုစရိုက်တို့မှ ထိတ်လန့်ခြင်းမရှိသူသည်။ သမ္ဗောဓာယ၊ သစ္စာလေးပါးကိုသိခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းငှါ။အဘဗ္ဗော၊ မထိုက်။ အနုတ္တရဿ၊ မိမိထက်သာလွန်သောတရားမရှိသော။ ယောဂက္ခေမဿ၊ ယောဂလေးပါးတို့၏ ကုန်ရာ အရဟတ္တဖိုလ်ကို။အဓိဂမာယ၊ ရခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ အာတာပီ၊ ကိလေသာတို့ကိုလောင်ကျွမ်းစေတတ်သော လုံ့လရှိသူသည်။ ဩတ္တပ္ပီ၊ ခုစရိုက်တို့မှ ထိတ်လန့်ခြင်းရှိသူသည်။ သမ္ဗောဓာယ၊ ငှါ။ ဘဗ္ဗော၊ ထိုက်၏။ပ။ ယောဂက္ခေမဿ၊ ကို။ အဓိဂမာယ၊ ငှါ။ ဘဗ္ဗောတိ၊ ထိုက်၏ဟူသော။ဣဒံ၊ ဤစကားကို။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

အာဝုသော၊ ငါ့ရှင်ကဿပ။ ကိတ္တာဝတာ၊ အဘယ်မျှ အတိုင်းအရှည်ဖြင့်။ အနာတာပီ၊သည်။ အနောတ္တပ္ပီ၊သည်။ပ။ အဓိဂမာယ၊ငှါ။ အဘဗ္ဗော၊ မထိုက်သည်။ ဟောတိ၊ ဖြစ်သနည်း။ အာဝုသော။ပ။ ကိတ္တာဝတာ၊ဖြင့်။ အာတာပီ၊ သည်။ ဩတ္တပ္ပီ၊ သည်။ပ။ အဓိဂမာယ၊ ငှါ။ ဘဗ္ဗော၊ ထိုက်သည်။ ဟောတိတိ၊ နည်း ဟူသော။ ဧတံ၊ ဤစကားကို။ အဝေါစ၊ပြီ။

ဈောသောပြုပြစ်ခြင်းငှါ သုံးမအပ်တိုင်ရြစ်ရန်အလို့ငှါဟု ပေးလိုက်သည်။ ဤနိုင်ကာ၌ တထာဘာဝါယဟု ထ၌ ရအဖြစ်သည်၍ ယဓဇ္ဈံ သဂဝတာ ဓမ္မာ ဓေသိတော ယဓဇ္ဇူ သာသနေ ပဗ္ဗဇ္ဇာ တဒ္ဓွာဘာဟု ဖွင့်ဆိုသောကြောင့် တထာဘာဝါယ-ဟု ပါဠိရှိသင့်သလောသား သြုံယုတ် တဓတ္တာယ-ဟု ရှိသင့်လေသလောဟု သံသယ ဖြစ်တတ်၏။

ဤပုဒ်မျိုး၌ သာရတ္ထ ၁-စာမျက်နှာ ၃၂၅-၌ကဲ့သို့ တထတ္တာယာတိ ယထတ္တာယ သဂဝတာ ဓမ္မော ဓေသိတော တထတ္တာယ တထာဘာဝါယာဟု အဓိပ္ပာယ်၍ ဤသို့ရှိဟု ဖွင့်ဆိုချက်ကား သံသယဖြစ်မည် မဟုတ်ပေ။

ဤဆိုရိုးလာ ယဓဇ္ဇံ တဓတ္တာယတို့၌ ယံ တံ ပုဒ်တို့သည် သာရတ္ထရှိ ယထာ တထာတို့နှင့် ပရိယာယ်မျှသာ ခြားနား၏။ တ္တာယဟူသောပုဒ်နှင့် ဘာဝါယဟူသောအသွားကား အတ္တာယဟူသော ဤနိုင်ကာစကားတို့လည်း အဓိပ္ပါယ် မခြားနားသောကြောင့် တထတ္တာယဟု ရှိသင့်ကြောင်းကိုရင်း၊ ဝင်းပုဒ်၏ ထိုသုံးမအပ်တိုင်းဖြစ်ရန် အလို့ငှါ ဟူသောအနက်ကိုရင်း၊ နိုင်းသယမှတ်သားအပ်၏။ ဒီ-၁ ၁-စာမျက်နှာ ၂၉၈-ရင်းအမှင့် ဋီကာတို့ကိုလည်း ရှု။

၁။ အာယသ္မာ သာရိပုတ္တော ထေရေပါ (က) သမ္ပာဒီမှ သမ္ပာဒိဋ္ဌီတိ အာဝုသော ဝုတ္တံ (ခ) ကိတ္တာဝတာ နု ခေါ အာဝုသော အရိယာသာဝကော သမ္မာဒိဋ္ဌိ ဟောတိ။ပ။ အာဂတော ဣမံ သဒ္ဓမ္မန္တိဟူသော မ-၁ သမ္မာဒိဋ္ဌိသုတ်၌ ထေရပါဠိ၏ အာဘာရပါဠိ က-ပါဠိ ခ-ပါဠိဟု ၂-ပါဠိရှိသကဲ့သို့ ဤ၌လည်း အာယသ္မာ သာရိပုတ္တော အာယသ္မန္တံ မဟာကဿပံ ထေရပါဠိ က-ဝုတ္တံ ဟိဒံ အာဝုသော (ကဿပ) အနာတာပီ။ပ။ အဘဗ္ဗော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယာတိ။ ခ-ကိတ္တာဝတာ နု ခေါ အာဝုသော။ပ။ ဘဗ္ဗော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယာတိဟု ၂-ပါဠိရှိရမည်။ လက်ရှိ ဆဋ္ဌမူ၌ ကိတ္တာဝတာ နု ခေါ။ပ။

အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ အနာဂါမိ၊ ကိလေသာကိုပူပန်စေတတ်သော လုံ့လရှိသူ မဟုတ်သည်။ ကထဉ္စ ဟောတိ၊ နည်းဟူမူ ။ အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊သည်။ (န ကရောတိတိုင်စပ်) မေ၊ ငါ၏(သန္တာန်၌)။အနုပ္ပန္နာ၊ မဖြစ်ဘူးသေးကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်သည်ရှိသော်။ အနတ္ထာယ၊ အကျိုးမဲ့အလို့ငှါ။ သံဝတ္တေယျုံ၊ ဖြစ်ကုန်ရာ၏ ဟူ၍။ အာတပ္ပံ၊ ကိလေသာကိုလောင်ကျွမ်းစေတတ်သောလုံ့လကို။ န ကရောတိ၊ မပြုလုပ်။ မေ၊ ငါ၏ (သန္တာန်၌)။ ဥပ္ပန္နာ၊ ဖြစ်ပြီးကုန်သော။ ပါပကာ၊ ကုန်သော။ အကုသလာဓမ္မာ၊ တို့ကို။ အပ္ပဟီယမာနာ၊ မပယ်အပ်ကုန်သေးသော်။ အနတ္ထာယ၊ ငှါ။ သံဝတ္တေယျုံ၊ ကုန်ရာ၏ ဟူ၍။ အာတပ္ပံ၊ ကို။ န ကရောတိ၊ မပြုလုပ်။ မေ၊ ငါ၏ (သန္တာန်၌)။အနုပ္ပန္နာ၊ ကုန်သော။ ကုသလာဓမ္မာ၊ တို့သည်။ အနုပ္ပဇ္ဇမာနာ၊ မဖြစ်ကုန်သည်ရှိသော်။ အနတ္ထာယ၊ ငှါ။ သံဝတ္တေယျုံ၊ ကုန်ရာ၏ ဟူသော။ အာတပ္ပံ၊ ကို။ န ကရောတိ၊ မပြုလုပ်။ မေ၊ ငါ၏သန္တာန်၌။ ဥပ္ပန္နာ၊ ကုန်သော။ ကုသလာ ဓမ္မာ၊ တို့သည်။ နိရုဇ္ဈမာနာ၊ ချုပ်ကုန်သော်။ အနတ္ထာယ၊ ငှါ။ သံဝတ္တေယျုံ၊ ကုန်ရာ၏ ဟူ၍။ အာတပ္ပံ၊ ကို။ န ကရောတိ၊ မပြုလုပ်။ အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ ဧဝံ ခေါ၊ ဤသို့လျှင်။ အနာတာပီ၊ ကိလေသာကို ပူပန်စေတတ်သောလုံ့လရှိသူမဟုတ်သည်။ ဟောတိ၏။

အာဝုသော၊ ရာ။ အနောတ္တပ္ပီ ဒုစရိုက်မှ ထိပ်လန့်လေ့ရှိသူ မဟုတ်သည်။ ကထဉ္စ ဟောတိ၊ အသို့ဖြစ်သနည်း ဟူမူ။ အာဝုသော၊ ရာ။ ဣဓ၊ ၌။ ဘိက္ခု၊သည်။ အနုပ္ပန္နာ။ပ။ သံဝတ္တေယျုံ၊ ဟူ၍။ န ဩတ္တပ္ပတိ၊ ဒုစရိုက်တို့မှ မထိပ်လန့်။ပ။အာဝုသော၊ ရာ။ အနောတ္တပ္ပီ၊ သည်။ ဧဝံ ခေါ၊ လျှင်။ ဟောတိ၊၏။ အာဝုသော၊ရာ။ ဧဝံ ခေါ၊ ဤမျှအတိုင်းအရှည်ဖြင့်[၂]။ (အနာတာပီ အနောတ္တပ္ပီ ဝါကျတို့ကို ပဋိသောမ ပြုတ်၍ သမ္ဗန်ရုံသာ။)

ဒုတိယံနှစ်ခုမြောက်သောသုတ်တည်း။

---

အမွှာ အနုတ္တရသာ ယောဂကျေမသော အရဟတ္တဖိုလ်ဟူသော အဓိပ္ပာယ် ၂ဝါကျကို ထေရဝေါဒ၏ အဘာဝ ဝါကျမဟုတ်သလို ရိုက်နှိပ်ထားသည်။ ကော်မာအသေးအကြီး ထားပုံကိုလည်း ဤမြင်ရချက်အတိုင်း သတိပြု။

၁။ ဣဓာဝုသော ဘိက္ခုစသောဝါကျ၏ ရှေ့၌ ကထဉ္စာဝုသော အနာတာပီ ဟောတိဟူသော ဝါကျပါရှိအပ်သည်။ သို့မှသာ ကထဉ္စာဝုသော အနောတ္တပ္ပီ ဟောတိ၊ ကထဉ္စာဝုသော အာတာပီ ဟောတိ၊ ကထဉ္စာ-ဝုသော ဩတ္တပ္ပီ ဟောတိဟူသော နောက်သုံးဝါကျနှင့် ညီမည်။ စဉ်းစားလေ။

